မြေမှုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ စနေနေ့၊ (2-8-2008) (၅၇၅၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော်　　ဩဂုတ်　　၁

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ ကျန်းမာရေးနှင့် အာဟာရဌာန တာဝန်ခံ Dr. Osamu Kunii၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးရုံအုပ်ကြီးများ၊ သူနာပြုများ၊ ဂုဏ်ပြုဆုရရှိသူများ၊ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်များမှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကား ပြောကြားရာတွင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းလုံးတွင် ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ၌လည်း ၁၉၉၂ ခုနှစ်မှစ၍ ကျင်းပနိုင်ခဲ့ကြောင်း၊ ယခုနှစ် ၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုကို ယနေ့မှစတင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု၏ ရည်မှန်းချက်များမှာ နို့တိုက်မိခင်များအား မိခင်နို့တိုက်ကျွေးနိုင်ရန် ကူညီပေးခြင်းသည် မိခင်များအတွက် မရှိမဖြစ်လိုအပ်သကဲ့သို့ အကျိုးရှိသည်ဆိုသည်ကို ပြည်သူများ သိရှိစေရန်၊ မိခင်နို့တိုက်ကျွေးရေး အကျိုးကျေးဇူးဆိုင်ရာများနှင့် ခေတ်မီသော သတင်းအချက်အလက်များကို ကိုယ်ဝန်ဆောင် မိခင်များနှင့် နို့တိုက်မိခင်များ သိရှိနိုင်စေရန်၊ နို့တိုက်မိခင်များနှင့် ဆက်နွယ်နေသည့် မိသားစုအသိုင်းအဝိုင်း၊ လုပ်ငန်းခွင် ကျန်းမာရေးစောင့်ရှောက်ပေးသူများ စသည့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းများကလည်း မိခင်တိုင်း မိခင်နို့တိုက်ကျွေးနိုင်မှု လုပ်ငန်းများကို ဝိုင်းဝန်းကူညီ ပံ့ပိုးတတ်ကြစေရန် ဖြစ်ကြောင်း။

မိခင်နို့ရည်သည် ရင်သွေးငယ်များအတွက် သဘာဝက အသင့်လျော်ဆုံးဖြစ်အောင် ဖန်တီးပေးထားခြင်းဖြစ်ပြီး မွေးပြီး တစ်နာရီအတွင်း မွေးကင်းစ ကလေးငယ်များအား မိခင်နို့ရည်တိုက်ကျွေးစေခြင်းဖြင့် ထူးခြားသောစွမ်းရည်သတ္တိများရရှိနိုင်စေမည်ဖြစ်ကြောင်း၊ မိခင်နို့ရည်မှ လူသားများ၌ ဖြစ်တတ်သည့် ကူးစက်ရောဂါများအတွက် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

ပေးအပ်ချီးမြှင့်

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မိခင်နို့ စနစ်တကျ တိုက်ကျွေးသော အသိအမှတ်ပြု ဂုဏ်ပြုဆု ရရှိသည့် ပြည်နယ်နှင့် တိုင်းများမှ မြို့နယ်ပြည်သူ့ဆေးရုံ များ၊ တိုက်နယ်ဆေးရုံများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



နေကြတ်သည့် ဒေသများကို ပြသည့် မြေပုံကို တွေ့ရစဉ်။

နေအပြည့်ကြတ်မှု ဖြစ်စဉ်ကို ဆိုက်ဘေးရီးယားတွင် မြင်ရ

မော်စကို　　ဩဂုတ်　　၁

သောကြာနေ့ နေ့လယ်ပိုင်း နေအပြည့်ကြတ်ချိန်၌ ရုရှားနိုင်ငံ ဆိုက်ဘေးရီးယား အနောက်ပိုင်းတစ်ခွင်လုံး အမှောင်ထုတွင်းသို့ ရောက်ရှိသွားခဲ့သည်ကို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များနှင့် ရုရှားနိုင်ငံသားများပါဝင်သည့် လူစုလူဝေးကြီးက ရင်တဖိုဖိုဖြင့် စောင့်ကြည့်ခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြ ထားသည်။

ရုရှားနိုင်ငံ၏ တတိယအကြီးဆုံး မြို့တော်ဖြစ်သည့် နိုဗိုဆီဘာ့ခ်မြို့၌ သောင်းနှင့်ချီသော ပြည်သူများ မြို့လယ်၌ စုရုံးကာ ကြုံတောင့်ကြုံခဲဖြစ်ရပ်ဖြစ်သော နေအပြည့်ကြတ်မှုဖြစ်စဉ်ကို စောင့်ဆိုင်းကြည့်ရှုခဲ့ကြသည်။ နေကြတ်မှုဖြစ်စဉ်မှာ အစမှအဆုံးတိုင် နှစ်နာရီကျော် ကြာမြင့်ခဲ့ပြီး နေအပြည့်ကြတ်ချိန်မှာ ၂ မိနစ်နှင့် ၂၃ စက္ကန့်ကြာမြင့်ခဲ့သည်။ ယာဉ်အသွားအလာများ ရပ်ဆိုင်းသွားခဲ့ပြီး လူများစွာတို့မှာလည်း နေရောင်ကာမှန်များ၊ နေကာမျက်မှန်များ တပ်ဆင်ကာ ကြည့်ရှုခဲ့ကြကြောင်း၊ နေ လုံးဝကြတ်သွားချိန်တွင် ပျော်ရွှင်စွာ ဩဘာပေးခဲ့ကြကြောင်း၊ NTV သတင်းဌာန၏ သတင်းအရ နေကြတ်ခြင်းကို ကြည့်ရှုရန်အတွက် ကမ္ဘာလှည့်ခရီးသည် ၁၀၀၀၀ ကျော်တို့ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●

မြေမှုံ The Mirror　ယနေ့ ဆောင်းပါးအညွှန်း

"မိခင်ထံမှ အန္တရာယ်မရှိသော ဘက်တီးရီးယားပိုးများနှင့် ရောဂါကာကွယ်နိုင်သော ဓာတ်များကို မိခင်နို့ရည် မှတစ်ဆင့် ရရှိပါသည်။"

ဒေါက်တာ ယုဇနစောမြင့် (ရန်ကုန်ကလေးဆေးရုံကြီး)၏ **"မိခင်နို့ရည်နှင့် ဘဝအစ ခြေလှမ်း"**

(ဆောင်းပါး) စာမျက်နှာ-၆

အတည်ပြုချိန် ၃း၃၀

ကြေးမုံ The Mirror
၂-၈-၂၀၀၈
(စနေနေ့)

ကလေးငယ်များ ကျန်းမာဖွံ့ဖြိုးရေး မိခင်နို့ရည် စနစ်တကျ တိုက်ကျွေးပေး

ကလေးငယ်များကို ပြုစုစောင့်ရှောက်ရာတွင် မိခင်နို့ရည်တိုက်ကျွေးရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ မိခင်နို့ရည်၌ မွေးကင်းစ ကလေးငယ်များအတွက် လိုအပ်သော ပရိုတင်းဓာတ်၊ ကစီဓာတ်၊ ဗီတာမင်၊ ဓာတ်ဆားနှင့် ရေ စသည့်ပစ္စည်းများ ပါဝင်နေရာ မိခင်နို့ရည်တိုက်ကျွေးခြင်းဖြင့် ကလေးငယ်များ အသက်ရှင်သန် ကျန်းမာပြီး သန်မာဖွံ့ဖြိုးစေမည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိခင်နို့ရည်တိုက်ကျွေးသည့် ကလေးငယ်များသည် မိခင်နို့ရည်တိုက်ကျွေးမှု မရရှိကြသည့် ကလေးငယ်များထက် အသက်ရှင်သန်မှု သုံးဆမြင့်မားကြောင်း သိရသည်။ ထို့အပြင် ကလေးငယ်များအားလုံးကို မိခင်နို့ရည်တိုက်ကျွေးခြင်းဖြင့် ကမ္ဘာ့ကလေးငယ်များ သေဆုံးမှုနှုန်း နှစ်စဉ် ၁ ဒသမ ၅ သန်း ထက်ပို၍ လျှော့ချနိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။

ထို့ကြောင့်ပင် ကမ္ဘာတစ်ဝန်း၌ မိခင်နို့ရည်တိုက်ကျွေးရေး အလေ့အကျင့်များကို မိခင်တိုင်းက လက်ခံကျင့်သုံးလာစေရန် ကျယ်ကျယ်ပြန့်ပြန့် ပညာပေး စည်းရုံးလှုပ်ရှားမှုများ ဆောင်ရွက်နေကြခြင်းဖြစ်သည်။ မိခင်နို့ရည် တိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုအောင်မြင်မှုရရှိစေရန် နှစ်စဉ် ဩဂုတ်လ ပထမပတ် ၁ရက်နေ့မှ ၇ရက်နေ့အထိကို **ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်** အဖြစ် သတ်မှတ်၍ အခမ်းအနားများ ကျင်းပလျက်ရှိသည်။

မြန်မာမှုနယ်ပယ်တွင် မိခင်နို့ရည်သည် ကလေးငယ်များအတွက် လိုအပ်သောအာဟာရကို ဖြည့်စွမ်းပေးနိုင်သည့်အပြင် ၅၂၈ သွယ်သော မိခင်မေတ္တာစီးဆင်းရာ လမ်းကြောင်းလည်း ဖြစ်သည်။ ကလေးငယ်များအနေဖြင့် မိခင်ရင်ငွေ့ခိုလှုံရသဖြင့် နွေးထွေးသောလုံခြုံမှုကို ရရှိစေသည်ဖြစ်ရာ မြန်မာမိခင်များသည် မိမိတို့၏ ရင်သွေးငယ်များအား ရင်မှဖြစ်သည့် နို့ရည်များ တိုက်ကျွေးသော အလေ့အထ အစဉ်အလာကောင်းကို ရှေးကာလမှသည် ယနေ့အထိတိုင် ဆက်လက်ကျင့်သုံးနေကြဆဲ ဖြစ်သည်။

မိခင်များအနေဖြင့် ကလေးငယ်များ မွေးဖွားပြီး တစ်နာရီအတွင်း မိခင်နို့ဦးရည် တိုက်ကျွေးခြင်း၊ မွေးစမှ အသက်ခြောက်လအထိ မိခင်နို့ရည်တစ်မျိုးတည်းကိုသာ တိုက်ကျွေးခြင်း၊ ခြောက်လပြည့်ပြီးနောက်ပိုင်း မိခင်နို့ရည်နှင့် ဖြည့်စွက်အစားအစာများ ကျွေးမွေးခြင်းတို့ဖြင့် ကလေးငယ်တိုင်း အသက်ရှင်သန် ကျန်းမာဖွံ့ဖြိုးနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ မိခင်တိုင်းက မိမိတို့ ရင်သွေးငယ်များအား မိခင်နို့ရည် စနစ်တကျ တိုက်ကျွေးနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများအားလုံးက ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ကြခြင်းဖြင့် အသက်ရှည် ကျန်းမာ သန်စွမ်းဖွံ့ဖြိုးသော နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ပိုမိုထွန်းကားလာမည်ဖြစ်ပါသည်။ ။

ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ညီအစ်ကိုများအား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် ကျောင်းလမ်းနေ ဦးသိန်းကျော်-ဒေါ်စီစီဝင်း၊ သမီး အေးသက်ကျော် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏တိပိဋကကျောင်း ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်၁၀သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ-နိ (ပင်မ) ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့နယ် သရက်သုံးပင်ကျေးရွာတွင် အခိုင်အမာ လူနေအိမ်များ ဆောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ကျေးရွာပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်ပေကုန်းကျေးရွာရှိမဟာသုမနာရာမကျောင်းတိုက်သို့ရောက်ရှိပြီးဆရာတော်ဘဒ္ဒန္တကုသလထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။ ထို့နောက် ဝန်ကြီးသည် ပေကုန်းကျေးရွာရှိ အိမ်ထောင်စုပေါင်း ၂၃၃ စုတို့အား မလေးရှားနိုင်ငံ SBM ကုမ္ပဏီနှင့် ရန်ကုန်မြို့နေ ဦးကိုကိုအောင်၊ ဦးအောင်ဇေယျ သူငယ်ချင်းတစ်စုတို့က လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်၊ အစားအသောက်မျိုးစုံနှင့် အိမ်သုံးပစ္စည်းများ လှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ကျေးရွာပြည်သူများအား တွေ့ဆုံပြီး ပြန်လည်တည်ဆောက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ သရက်သုံးပင်ကျေးရွာသို့ သွားရောက်ပြီး မလေးရှားနိုင်ငံ အခြေစိုက် Ruinbunan Petrogas ကုမ္ပဏီနှင့် စင်ကာပူနိုင်ငံ UNOG ကုမ္ပဏီတို့က လေဘေးသင့် ပြည်သူများအတွက် ဆောက်လုပ်လှူဒါန်းသည့် လူနေအိမ်များ တည်ဆောက်နေမှု လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် အခြေခံပညာမူလတန်းကျောင်းတည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ထားသည့် အဆောက်အအုံပုံစံအတိုင်း တည်ဆောက်သွားရန်နှင့် မုန်တိုင်းဒဏ်ကာ အဆောက်အအုံ (Cyclone Shelter) အဖြစ်ပါ ထည့်သွင်းတည်ဆောက်သွားရန် မှာကြားသည်။

ထို့နောက်တည်ဆောက်ရေးလုပ်ငန်းခွင်ရှင်းလင်းဆောင်၌ UNOG ကုမ္ပဏီမှ တာဝန်ရှိသူတို့က လူနေအိမ်၊ ဆေးခန်း၊ စာသင်ကျောင်းများ တည်ဆောက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ကျေးရွာပြည်သူများ လုံခြုံဘေးကင်းစွာ နေထိုင်နိုင်ရေး၊ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး၊ ယင်လုံအိမ်သာများ စနစ်တကျ ဆောက်လုပ်ပေးရေး၊ လျှပ်စစ်မီး ရရှိရေးတို့ကို မှာကြားပြီး သတ်မှတ်ရက်အတွင်း အချိန်မီ ပြီးစီးအောင် တည်ဆောက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် သရက်သုံးပင်ကျေးရွာနေ ပြည်သူများအတွက် မလေးရှားနိုင်ငံ SBM ကုမ္ပဏီ၊ Ruinbunan Petrogasနှင့် UNOG ကုမ္ပဏီတို့မှ လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်၊ အစားအသောက်မျိုးစုံနှင့် အိမ်သုံးပစ္စည်းများလှူဒါန်းပွဲသို့ တက်ရောက်အားပေးပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် ဝန်ကြီးသည် ယာယီမူလတန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ဆောက်လုပ်ပြီး လူနေအိမ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သပ်ရပ်ခိုင်ခံ့ရေးနှင့် ပြည်သူများ သက်သောင့်သက်သာစွာ နေထိုင်နိုင်ရေးတို့အတွက် အထူးဂရုစိုက်ဆောက်လုပ်ရန်မှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် လူနေအိမ်များအတွင်း ၁၀ မျိုး ၁၀ ပေါင် သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ အရိပ်ရပင်များ စိုက်ပျိုးသွားရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်တက္ကသိုလ်ဆေးရုံနှင့် ဖားအောက်ကျေးရွာ တိုက်နယ်ဆေးရုံတို့အတွက် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၁

မော်လမြိုင်တက္ကသိုလ် ဆေးရုံနှင့် ဖားအောက်ကျေးရွာ တိုက်နယ်ဆေးရုံတို့အတွက် ဆေးပဒေသာပင် စိုက်ထူရန် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်၂၁ ရက်တွင် မော်လမြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီးအလှူရှင်မော်လမြိုင်မြို့မှ ဟာဂျီဦးစိုးသိန်းက မော်လမြိုင်တက္ကသိုလ်ဆေးရုံ ဆေးပဒေသာပင်စိုက်ထူရန်အတွက် အလှူငွေကျပ် ၆၀၀၀၀၀ကို မော်လမြိုင်တက္ကသိုလ်မှ ဦးမြင့်သိန်းနှင့် ဒေါက်တာ နှင်းဝေလှိုင်ထံသို့ လည်းကောင်း၊ ဟာဂျီ ဦးမြင့်စိုး **(ယာပုံ)**က ဖားအောက်ကျေးရွာ တိုက်နယ်ဆေးရုံအတွက် အလှူငွေကျပ် ၁၅၀၀၀၀ ကို ရိုးဂိုးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင် မျိုးမြင့်နှင့် သူနာပြုဆရာမကြီး ဒေါ်လှမိုင်ထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မော်လမြိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရီရီခင်ကကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ(၅)အမှတ်(၁၇)ထွက်ရှိ

ရန်ကုန် ဩဂုတ် ၁

ယခုတစ်ပတ် သတင်းဂျာနယ်တွင် ငမိုးရိပ် သောက်သုံးရေပိုက်လိုင်း သွယ်ယူရရှိပြီ၊ လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များတက်ကြွစွာပါဝင်၊လူငယ်အဖွဲ့ဝင် (ဒုတိယအသုတ်)၃၂၉ဦးသက်ဆိုင်ရာ ကျေးရွာများသို့ထွက်ခွာ၊ ဧရာဝတီတိုင်းအတွင်း ရော်ဘာစိုက်ဧက နှစ်သိန်းကျန်ရှိ၊ နယ်စပ်ပို့ကုန်၊ သွင်းကုန်လိုင်စင် အွန်လိုင်းဖြင့် လျှောက်ထားနိုင်၊ မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် ဆန်စက်များ လည်ပတ်ပြီ စသည့် သတင်းဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားသည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း စာအုပ်ဆိုင်၊ ပန်းရွှေပြည် စာအုပ်ဆိုင်တို့ ဖြစ်ကြပြီး အနယ်နယ်အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့်စာမူပေးပို့ရန်လိပ်စာမှာ စိမ်းလဲ့ရွှေပြည်ဂျာနယ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းရုံး အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် စစ်ကိုင်းတိုင်းအတွင်းရှိ အသင်းအဆင့်ဆင့် အတွင်းရေးမှူးများအား တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇူလိုင် ၂၈ ရက်တွင် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ စစ်ကိုင်းတိုင်းအတွင်းရှိ ခရိုင်ရှစ်ခုနှင့် မြို့နယ် ၃၇ မြို့နယ်တို့မှ အသင်းအတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများအား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဗဟို အလုပ်အမှုဆောင်သည်မုံရွာစီးပွားရေးတက္ကသိုလ်သို့သွားရောက်ပြီး ပါမောက္ခချုပ်ရုံးအစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ် ဦးအောင်မြင့်နှင့် ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်စကား ပြောကြားပြီး ကျောင်းအတွက် နိုင်ငံတကာအဆင့်မီ စားပွဲတင်တင်းနစ်ခုံ တစ်လုံး၊ စားပွဲတင်တင်းနစ် အားကစားပစ္စည်းများနှင့် ဘောလုံးအလုံး ၂၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မုံရွာတက္ကသိုလ်သို့ သွားရောက်ပြီး ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာမောင်ထူးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်စကား ပြောကြားပြီး နိုင်ငံတကာအဆင့်မီ စားပွဲတင် တင်းနစ်ခုံတစ်လုံး၊ စားပွဲတင်တင်းနစ် အားကစားပစ္စည်းများနှင့် ဘောလုံး အလုံး ၂၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မုံရွာစီးပွားရေးတက္ကသိုလ်အတွက် နိုင်ငံတကာအဆင့်မီ စားပွဲတင်တင်းနစ်ခုံ တစ်လုံး၊ စားပွဲတင်တင်းနစ် အားကစားပစ္စည်းများနှင့် ဘောလုံး အလုံး ၂၀ ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ပြန်/ဆက် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် သဃ်န်းကျွန်း အထက(၁)တွင် စာပေဟောပြော

ရန်ကုန် ဩဂုတ် ၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) သည် ဇူလိုင် ၃၀ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်တန်း ကျောင်းသူ၊ ကျောင်းသား ၅၀၀ ကျော်အား **"ရည်မှန်းချက်ရှိရမည်"**ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(အောက်ပုံ)**ဟောပြောပွဲ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကိုလည်း ကျင်းပခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက် ကမ်းနားရိပ်သာ နန္ဒာဝန်ကျောင်း၌ တည်ဆောက်လျက်ရှိသော အရှည်ပေ၂၀၀ ကျော်ရှိ ကမ္ဘာအေးသုခ သံကူကွန်ကရစ်တံတားကြီးအတွက် ဗဟန်းမြို့နယ် အာဇာနည်လမ်း ကွမ်ရင်စီတရုတ်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနေ ပဓာနနာယကဆရာတော် ဦးအာစာရက အလှူငွေကျပ် ၃၂ သိန်းကို ပေးအပ်လှူဒါန်းရာ ဆရာတော်ဦးနန္ဒောဘာသနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က လက်ခံယူစဉ်။ (ကြေးမုံ)

သင့်သွေးဖြင့် အသက်ကယ်ပါ

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇) အမှတ်(၆)ထွက်ပြီ

ရန်ကုန် ဩဂုတ် ၁

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇) အမှတ်(၆)ကို ဇူလိုင် ၃၁ ရက်က ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ရာ အဆိုပါဂျာနယ်တွင် ကမ္ဘာ့စားနပ်ရိက္ခာ အခက် မြန်မာ့စိုက်ပျိုးရေးအချက်၊ စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်း၊ နိုင်ငံတော်လမ်းကွန်ရက်၏ ၂၃၅ စင်းမြောက် စစ်တောင်းတံတား (မုပ္ပလင်)ဖွင့်ပြီ၊ ရတနာပုံမြို့သစ်တွင် ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီ(၁၂)ခု နှစ်လအတွင်း လုပ်ငန်းများစတင်မည်၊မြန်မာ့လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်၊ တိုင်းဧရာက အုန်းတောကွမ်းသီးတောပေါများရာ မြစ်ချောင်းတစ်လျှောက်မှာ၊ မုန်တိုင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ပေးမည့်တာတမံ ပြန်လည်တည်ဆောက်မှုလုပ်ငန်းများစသည့် သတင်း၊ ဆောင်းပါးများအပြင် ပြည်တွင်း၊ ပြည်ပသတင်းများ ဝေဝေဆာဆာ၊ ဓာတ်ပုံများ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဖော်ပြထားသည်။

ရွှေနိုင်ငံဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းစာအုပ်ဆိုင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်တို့ ဖြစ်ကြပြီး အနယ်နယ်အရပ်ရပ်မှ စာမူများကိုဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန်လိပ်စာမှာ ရွှေနိုင်ငံဂျာနယ် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အမှတ်(၂၂၈) သိမ်ဖြူလမ်းဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

သီလရှင်ဆေးရုံ ကြီးကြပ်ရေး အမျိုးသမီးအဖွဲ့က သီလရှင်ဆေးရုံတွင် ဓာတ်လှေကား တပ်ဆင်ရန်အတွက် အလှူငွေကျပ် ၂၂၀၀၀၀ လှူဒါန်းရာ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်တို့ လက်ခံယူစဉ်။

(ကြေးမုံ)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ ဇူလိုင် ၃၁ ရက်က လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်းကြသောအလှူရှင်များမှာ ကွယ်လွန်သူ မေမေကြီး ဒေါက်တာမာလာအောင်အား ရည်စူး၍ သမီးလေး မေမြတ်ကျော်(သဲသဲ) (၁၅)လမ်း (၃)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နှင့် ဒုတိယဗိုလ်မှူးကြီးကျော်လင်း-ဒေါ်သီသီနွဲ့၊ သမီးမေမြတ်ကျော် မိသားစု (၁၅) လမ်း (၃) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်တို့က လူနေအိမ်တစ်လုံးစီအတွက် ငွေကျပ် ခြောက်သိန်းစီ၊ Conculate General of the Union of Myanmar, Hong Kong မှ တစ်ဆင့် ပေးပို့လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၄၅၀၀ ဒသမ ၀၄ တို့ဖြစ်သည်။

ဇူလိုင် ၃၁ ရက်တွင် လက်ခံရရှိ သည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၁၂ သိန်းနှင့် အမေရိကန်ဒေါ်လာ ၄၅၀၀ ဒသမ ၀၄ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူလတ်တန်းစား စီးပွားရေး ချောင်လည်စေမည့် အစီအစဉ် အိုဘားမား တင်ပြ

စပရင်းဖီးလ်(မစ်ဆိုရီ) ဇူလိုင် ၃၁

အမေရိကန်ပြည်ထောင်စု ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ဘာရက်အိုဘားမားက ရီပတ်ဘလီကန်တို့၏ နယ်မြေဖြစ်သော မစ်ဆိုရီတွင် လူလတ်တန်းစားများအား စီးပွားရေး ချောင်လည်စေမည့် ၎င်း၏ အစီအစဉ်ကို ဗုဒ္ဓဟူးနေ့က တင်ပြခဲ့သည်။

အိုဘားမားသည် ရွေးကောက်ပွဲတွင် အပြောင်းအလဲ ဖြစ်ပေါ်စေနိုင်သော အဓိကပြည်နယ်များသို့ လေးရက်ကြာ ခရီးလှည့်လည်၍ စည်းရုံးခဲ့သည်။

အရှေ့အလယ်ပိုင်းနှင့် ဥရောပခရီးစဉ်မှ ပြန်ရောက်လာပြီးနောက် တစ်ပတ်အတွင်း အိုဘားမားသည် စီးပွားရေးဆိုင်ရာ သဘောထားကို အဓိကထား၍ ပြောဆိုသည်။ ရီပတ်ဘလီကန် သမ္မတလောင်း ဂျွန်မက်ကိန်းအားလည်း သမ္မတဂျော့ဂ်ျ၊ ဒဗလျူ ဘုရှ်၏ စဉ်းစားဆင်ခြင်ဉာဏ်ကင်းမဲ့သော စီးပွားရေးမူဝါဒ၏ နောက်လိုက်တစ်ဦးအဖြစ် ပုံဖော်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာ၌ ရဲတပ်ဖွဲ့စစ်ဆေးနေသည်ကို ဇူလိုင် ၂၉ ရက်က တွေ့ရစဉ်။ (ယင်းဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသည်။)

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အမေရိကန်နှင့် လုံခြုံရေးစာချုပ်မချုပ်ရန် အီရတ်ခေါင်းဆောင်အား အယ်လ်ဆဒါတောင်းဆို

ဘဂ္ဂဒက် ဇူလိုင် ၃၁

အီရတ်နိုင်ငံ ရှီးယိုက်ဘာသာရေးခေါင်းဆောင် မော့တာဒါအယ်လ်ဆဒါက အီရတ်ခေါင်းဆောင်များအား အမေရိကန်ပြည်ထောင်စုနှင့် လုံခြုံရေးစာချုပ်ကို လက်မှတ်မရေးထိုးရန် တောင်းဆိုလိုက်ပြီး ဆွေးနွေးပွဲကို ဖျက်သိမ်းလိုက်ပါက အစိုးရအဖွဲ့အား ၎င်းက ထောက်ခံမည်ဟု ကမ်းလှမ်းလိုက်သည်။

နုတ်ထွက်စေခဲ့

အီရတ်ပါလီမန်တွင် ၁၀ ရာခိုင်နှုန်း ထိန်းချုပ်နိုင်သော ဩဇာရှိသည့် ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သည့် ဆဒါက အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့များ ထွက်ခွာသွားရေးကို တစ်စိုက်မတ်မတ် တောင်းဆိုလျက်ရှိသည်။ ယမန်နှစ်က ဝန်ကြီးချုပ်နူရီအယ်လ်မာလီကီက အမေရိကန်တပ်ဖွဲ့များ ထွက်ခွာရေးအချိန်ဇယားကို သတ်မှတ်ရန် ငြင်းဆိုသဖြင့် အစိုးရအဖွဲ့မှ ၎င်း၏ အဖွဲ့ဝင် ဝန်ကြီးခြောက်ဦးကို နုတ်ထွက်စေခဲ့သည်။

အီရတ်အစိုးရနှင့် အမေရိကန်အစိုးရတို့သည် ယခုနှစ်ကုန်လျှင် ကုလသမဂ္ဂမှ ပေးအပ်သော အခွင့်အာဏာ ကုန်ဆုံးသွားသည့်အခါ အီရတ်နယ်မြေပေါ်တွင် အမေရိကန်တပ်ဖွဲ့များ စစ်ရေးဆင်နွှဲနိုင်ရန်အတွက် တရားဝင် တပ်စခန်းတစ်ခု ခွင့်ပြုရေးပါဝင်သော လုံခြုံရေးစာချုပ်အသစ်တစ်ခု ချုပ်ဆိုရန် ဆွေးနွေးလျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ထိန်းသိမ်းထားသည့် ဆွစ်ဇာလန်နိုင်ငံသားနှစ်ဦးအား လစ်ဗျားက ပြန်လွှတ်ပေး

ဂျူးရစ် ဇူလိုင် ၃၀

လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီ၏သား ဂျီနီဗာတွင် အဖမ်းခံခဲ့ရပြီးနောက် ဖမ်းဆီးထားသည့် ဆွစ်ဇာလန်နိုင်ငံသားနှစ်ဦးအား လစ်ဗျားအစိုးရက ပြန်လွှတ်ပေးခဲ့ကြောင်း ဆွစ်ဇာလန်နိုင်ငံခြားရေး ဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

အဖမ်းခံရပြီး ထရီပိုလီမြို့၌ ဇူလိုင် ၁၉ ရက်က တရားစွဲခံရသည့် ၎င်းဆွစ်ဇာလန် နိုင်ငံသားများကို အာမခံဖြင့် တရားသူကြီးက လွှတ်ပေးပြီး ၎င်းတို့၏ကျန်းမာရေးအခြေအနေကောင်းသည်ဟု နိုင်ငံခြားရေးဌာနက ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

၎င်းတို့သည် ယခုအခါ ထရီပိုလီရှိ ဆွစ်ဇာလန်သံရုံး၌ရှိနေပြီး လစ်ဗျားနယ်မြေပိုင်နက်မှ ထွက်ခွာခွင့်မရသေးဟု သိရသည်။

ဟန်နီဘောကဒါဖီနှင့် ၎င်း၏ ဇနီးသည် ဝန်ထမ်းနှစ်ဦးအား မညှာမတာပြုခဲ့မှုဖြင့် တရားစွဲခံရပြီးသည့်နောက် ဆွစ်ဇာလန်နိုင်ငံနှင့် လစ်ဗျားနိုင်ငံတို့အကြား အငြင်းပွားမှုပေါ်ပေါက်ခဲ့သည်။

နှစ်နိုင်ငံဆက်ဆံရေးတွင် တင်းမာမှုလျော့ပါးနိုင်စေရေးအတွက် ဆွစ်ဇာလန်နိုင်ငံနှင့် လစ်ဗျားနိုင်ငံအကြား သံတမန်ရေးအရ ဆက်လက်ညှိနှိုင်းနေသည်ဟု ဆွစ်ဇာလန်သံရုံးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗီယက်နမ်သို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်

ဟနွိုင်း ဇူလိုင် ၃၀

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ပထမခုနစ်လတွင် ကမ္ဘာလှည့်ခရီးသည် ၂ ဒသမ ၆ သန်း လာရောက်ခဲ့ပြီး နှစ်အလိုက် နှုန်းထားများထက် ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း ဗီယက်နမ်အမျိုးသားခရီးသွား အုပ်ချုပ်ရေးရာဌာန(ဗွီအန်အေတီ)က အင်္ဂါနေ့တွင် ပြောကြားသည်။

ကျင်းပ

ပထမခုနစ်လတွင် ကမ္ဘာလှည့်ခရီးသည်ဦးရေသည် ၂ ဒသမ ၆သန်း ကျော်ရောက်ရှိလာပြီး ၃ ဒသမ ၁ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း၊ စီးပွားရေးလာရောက်လုပ်ကိုင်သည့် ပြည်ပနိုင်ငံခြားသားများ ၅၀၅၅၀၀ ရှိပြီး ၃၈ ဒသမ ၄ရာခိုင်နှုန်းမြင့်တက်လာကြောင်း သတင်း၌ဖော်ပြထားသည်။ ဗီယက်နမ်နိုင်ငံသို့ တရုတ်၊ အမေရိကန်၊ တောင်ကိုးရီးယား၊ ဂျပန်၊ ထိုင်းနှင့် ဩစတြေးလျနိုင်ငံတို့မှ လာရောက်ကြသည်။ ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်း၌ လာမည့်နှစ် ဇန်နဝါရီလ (၂၈) ကြိမ်မြောက် ကမ္ဘာလှည့်ခရီးသည်ဖိုရမ်ကို လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ခရီးသွားလုပ်ငန်းဝန်ကြီးများသည် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း တိုးချဲ့ရေးအတွက် စီမံချက်များနှင့် အစီအစဉ်များ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း၊ ခရီးသွားလုပ်ငန်း အစည်းအဝေးပွဲများနှင့် ပြပွဲများလည်း ကျင်းပသွားမည်ဖြစ်ကြောင်း ဗီယက်နမ်အမျိုးသား ခရီးသွားအုပ်ချုပ်ရေးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်္ဂလန်နိုင်ငံ အနောက်တောင်ပိုင်း ဝက်စ်တန်စူပါမားကမ်းခြေ၌ ပြုလုပ်သည့် သဲပန်းပုပွဲတော်တွင် ထုလုပ်ထားသော သဲပန်းပုရုပ်များကို ဇူလိုင် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ ဗြိတိသျှတပ်ဖွဲ့ဝင် သေဆုံး

လန်ဒန် ဇူလိုင် ၃၁

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟဲမန်ပြည်နယ်တွင် ဇူလိုင် ၂၉ ရက်က တာလီဘန်စစ်သွေးကြွများ၏ ပစ်ခတ်မှုကြောင့် ကင်းလှည့်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၃၀ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင်ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့များပူးပေါင်းပြီး ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၀၁ ခုနှစ်ကတည်းက ဗြိတိသျှတပ်ဖွဲ့ဝင် သေဆုံးသူ ၁၁၄ဦး အထိ ရှိလာသည်။

လွန်ခဲ့သောလများက အာဖဂန်နစ္စတန်တောင်ပိုင်းတွင် တာလီဘန်စစ်သွေးကြွများက လမ်းဘေးဗုံးဖြင့် တိုက်ခိုက်မှုများနှင့် ချုံခိုတိုက်ခိုက်မှုများ တိုးမြင့်လာခဲ့သည်။ ယခုနှစ်၌ အာဖဂန်နစ္စတန်နိုင်ငံ၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၂၈ ဦး သေဆုံးကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***



ချက်သမ္မတနိုင်ငံ ဗယ်လစ်မြို့အနီး ဆာဗီနိုက်ဒေသ၌ ပြင်သစ်ကုမ္ပဏီမှ ထုတ်လုပ်သည့် မြန်နှုန်းမြင့်ရထားတစ်စင်း စမ်းသပ်မောင်းနှင်နေသည်ကို ဇူလိုင် ၂၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကိုလံဘီယာလူမျိုး စစ်သွေးကြွဟောင်းနှစ်ဦး မူးယစ်ဆေးဝါးရောင်းဝယ်မှုတွင် အပြစ်ရှိကြောင်းဝန်ခံ

မီယာမီ ဇူလိုင် ၃၀

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တွင် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်မှုဖြင့် စွပ်စွဲခံထားရသော ကိုလံဘီယာလူမျိုး လက်နက်ကိုင်တပ်ဖွဲ့ဝင် ခေါင်းဆောင်ဟောင်းနှစ်ဦးသည် အဆိုပါစွပ်စွဲချက်နှင့်စပ်လျဉ်း၍ ၎င်းတို့တွင် အပြစ်ရှိသည်ဟု အင်္ဂါနေ့တွင် ဝန်ခံခဲ့ကြောင်း အစိုးရရှေ့နေများက ပြောကြားသည်။

စစ်သွေးကြွလက်နက်ကိုင် တပ်ဖွဲ့ဝင် ၁၄ ဦးတွင် အပါအဝင်ဖြစ်သည့် ရမ်မီရိုဗန်နွိုင်းမာရေလိုနှင့် ဖရန်ဆစ္စကို ဂျေဗီယာဇူလူအာဂါလင်န်ဒိုတို့နှစ်ဦးအား ကိုလံဘီယာအစိုးရနှင့် အမေရိကန်နိုင်ငံတို့အကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အရ အမေရိကန်ပြည်ထောင်စုသို့ မေလအတွင်းက တရားဝင် လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

၎င်းတို့သည် လွန်ခဲ့သော ဆယ်စုနှစ်လေးစုက ကိုလံဘီယာနိုင်ငံ၌ ဖြစ်ပွားခဲ့သော ပဋိပက္ခများအတွင်း လူထောင်ပေါင်းများစွာတို့အား အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်မှုများတွင် အမိန့်ပေးစေခိုင်းခဲ့သူများ ဖြစ်ကြောင်း သိရှိရသည်။

အမေရိကန်အစိုးရအနေဖြင့်၎င်းတို့အား ကိုကင်းများ တင်ပို့ရာတွင် ပူးပေါင်းကြံစည်မှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့သော်လည်း ၎င်းတို့အပေါ် မည်သည့်စည်းကမ်းသတ်မှတ်ချက်မျှမရှိစေဘဲ ကိုလံဘီယာအစိုးရထံ အာမခံဖြင့် ထားရှိစေခဲ့သည်။

အဆိုပါအမှုအား လာမည့်အောက်တိုဘာ ၉ ရက်တွင် စီရင်ချက်ချမည်ဖြစ်ပြီး ၎င်းတို့နှစ်ဦးသည် ကမ္ဘာပေါ်တွင် အင်အားအကြီးဆုံး မူးယစ်ဆေးဝါးဂိုဏ်းတစ်ဂိုဏ်းမှ အဖွဲ့ဝင်များဖြစ်သည်ဟု ယူဆရကြောင်း အစိုးရရှေ့နေများက ပြောကြားသည်။

ယခင်က ကိုလံဘီယာနိုင်ငံတွင် ချမ်းသာကြွယ်ဝသော မြေပိုင်ရှင်များသည် သူပုန်များကို အကာအကွယ်ပေးခဲ့ပြီး အရပ်သားများကို အစုလိုက်၊ အပြုံလိုက်သတ်ဖြတ်ကာ လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ ထူထောင်လျက် လယ်သမားများအား ၎င်းတို့ပိုင်မြေယာများနှင့် ကိုကင်းမှောင်ခို ထုတ်လုပ်မှုများတွင် အဓမ္မ ခိုင်းစေခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရန်က နျူကလီးယားလမ်းကြောင်းကို ဆက်လျှောက်မည်

တီဟီရန် ဇူလိုင် ၃၁

အီရန်နိုင်ငံ၏ အာဏာအရှိဆုံး ခေါင်းဆောင် အယာတိုလာအလီခါ မေနီက ၎င်းတို့၏ နျူကလီးယားခရီး စဉ်ကို ဆက်လက်လျှောက်လှမ်းမည် ဖြစ်ကြောင်းဖြင့် နျူကလီးယားအငြင်း ပွားမှုအပေါ်မှာ ကမ္ဘာ့အင်အားကြီး နိုင်ငံများက နောက်ဆုံး အကြောင်း ပြန်ကြားရန် သတ်မှတ်ရက်မပြည့်မီ ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။ အီရန်နိုင်ငံကနျူကလီးယား စမ်းသပ် မှုကို ရပ်ဆိုင်းလျှင် ကုလသမဂ္ဂက အီရန်နိုင်ငံအား အရေးယူ ပိတ်ဆို့မည့် အစီအစဉ်ကို ဆိုင်းငံ့ထားမည်ဟု အင်အားကြီးနိုင်ငံများ၏ ဇူလိုင် ၁၉ ရက်က ကမ်းလှမ်းချက်ကို အကြောင်း ပြန်ကြားရန် အီရန်နိုင်ငံမှာ အချိန် နှစ်ပတ် ရရှိသည်။

အီရန်နိုင်ငံသည် အရပ်ဘက်ဆိုင် ရာ နျူကလီးယားအသုံးပြုမည့် အစီ အစဉ်ကို အကြောင်းပြု၍ နျူက လီယားထိပ်ဖူးများ ထုတ်လုပ်ရန် ကြိုးပမ်းနေသည်ဟု အနောက်နိုင်ငံ များကစွပ်စွဲထားသော်လည်း အီရန်က မဟုတ်မမှန်ကြောင်း ငြင်းဆိုသည်။

အီရန်နိုင်ငံသည် အနှစ် ၃၀ကြာ ခုခံလာသော အတွေ့အကြုံများကို အခြေတည်၍ ယခုပုံစံဖြင့် အနောက် နိုင်ငံများ၏ ဆွေးနွေးခြင်းများကို အနည်းငယ်မျှ ဂရုမစိုက်ကြောင်း၊ စီစဉ်ထားသော လမ်းကြောင်းအတိုင်း ဆက်လက် လျှောက်လှမ်းမည်ဖြစ် ကြောင်း ခါမေနီက အီရန်နိုင်ငံ၏ မူဝါဒအား နောက်ဆုံး ပြောကြားလိုက် ခြင်းကို နိုင်ငံပိုင်ရေဒီယိုက ကိုးကား ထုတ်လွှင့်သွားသည်။

အီရန်နိုင်ငံက စစ်ဘက်နှင့်အရပ် ဘက် နှစ်မျိုးသုံးနိုင်သော ယူရေနီယံ သန့်စင်ခြင်းကို မရပ်ဆိုင်းမီ နျူက လီးယား ကုန်သွယ်ရေးနှင့် အခြားမက် လုံးများအပေါ် တရားဝင်မဆွေးနွေး သော်လည်း ကြိုတင်ဆွေးနွေးပွဲများ ကို စတင်ထားရန် အနောက်အုပ်စုက ရည်ရွယ်ထားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။



အမေရိကန်နိုင်ငံမှ နျူကလီးယား စွမ်းအင်သုံး ယူအက်စ်အက်စ်ဂျော့ဝါရှင်တန် လေယာဉ်တင်သင်္ဘော ပေါ်၌ မီးလောင်မှုဖြစ်ပွားပြီး အပျက်အစီးများကို ဇူလိုင် ၃၁ရက်ကတွေ့ရစဉ်။ *[ယင်းမီးလောင်မှုကြောင့် ရေတပ်သား ဒါဇင်များစွာ ဒဏ်ရာရရှိခဲ့သည်။]*

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးတွင် ဒုံးကျည်ထောက်လှမ်းရေးစနစ် တည်ဆောက်ရန် အကူအညီပေးမည်ဟု အမေရိကန်ပြောကြား

ဝါရှင်တန် ဇူလိုင် ၃၁

နျူကလီယားလက်နက် ပိုင်ဆိုင် သည့် အီရန်က အနာဂတ်ကာလတွင် တိုက်ခိုက်လာနိုင်မည့် အန္တရာယ်ကို ကြိုတင်ကာကွယ်သည့် အနေဖြင့် ခေတ်မီဆန်းပြားသည့် ဒုံးကျည် ထောက်လှမ်းရေးစနစ် နှစ်ခု တည် ဆောက်ရေးအတွက် မကြာမီ အချိန် အတွင်း အမေရိကန်နိုင်ငံက အကူ အညီပေးမည်ဖြစ်ကြောင်း အစ္စရေး ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်က အင်္ဂါနေ့တွင် ပြောကြားသည်။

ယင်းစနစ်တွင် အမေရိကန် ကြား ဖြတ်ဒုံးကျည်ပါဝင်မှု ရှိ မရှိ သဘော တူညီမှု မရှိကြသော်လည်း အမေ ရိကန်နှင့် အစ္စရေးတို့သည် အစ္စရေး ၏ ဘဲရိုး(၂) တိုက်ခိုက်ဖျက်ဆီးပစ် ဒုံးကျည် ကာကွယ်ရေးစနစ်အဆင့်မြှင့်တင်ရေး အတွက် ဆွေးနွေးပွဲများ ပြုလုပ်လျက် ရှိသည်ဟု အမေရိကန်ကာကွယ်ရေး ဝန်ကြီး ရောဘတ်ဂိတ်နှင့် ဆွေးနွေး အပြီး အီဟွတ်ဘာရက်က ပြောကြား သည်။

အမေရိကန်က အီရန်နိုင်ငံအပေါ် အရေးယူကန့်သတ်မှုများ ပြုလုပ်ခြင်း ဖြင့် အီရန်၏ အကျုံးမြူအစီအစဉ် များကို ထိန်းချုပ်ရန် ဦးဆောင် ကြိုးပမ်းနေပြီး သံတမန်ရေးအရ ကြိုးပမ်း၍ အောင်မြင်မှု မရရှိပါက အစ္စရေးအတွက် ခြိမ်းခြောက်လာမည့် အန္တရာယ်အား စစ်ရေးဖြင့် တုံ့ပြန်ရန် ရည်ရွယ်ထားသည်။

မိမိတို့၏ ရပ်တည်ချက်ကို အမေ ရိကန်တို့က နားလည်မှုရှိသည်မှာ အရေးပါလှကြောင်း၊ ယခုလာရောက် သည့်ခရီးစဉ်အပြီး ၎င်းတို့က ပိုမိုနား လည်မှု ရှိလာနိုင်သည်ဟု မိမိထင် မြင်ကြောင်း ဘာရက်က ပြောကြား သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

တူရကီ၌ တရားမဝင်အခြေစိုက်ရန် ဝင်ရောက်လာသူ ၁၃ ဦး သေဆုံး

အစ္စတန်ဘူလ် ဇူလိုင် ၃၁

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ ဆင်ခြေဖုံးရှိလယ်မြေတစ်ခုတွင် ဇူလိုင် ၃၀ ရက်က တရားမဝင်အခြေစိုက်ရန် ဝင်လာသူ ၁၃ ဦး၏ ရုပ်အလောင်း များကို တွေ့ရှိကြောင်း၊ ၎င်းတို့အား ကုန်တင်ယာဉ်တစ်စီးအတွင်းပြည့်သိပ် တင်ဆောင်လာမှုကြောင့် အသက်ရှူ ကျပ်ကာ သေဆုံးရကြောင်း တူရကီ ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းကုန်တင်ယာဉ်သည် တူရကီ နိုင်ငံအကြီးဆုံးမြို့ဖြစ်သော အစ္စတန် ဘူလ်အတွင်းသို့တရားမဝင်အခြေစိုက် ရန်ဝင်လာသူ ၁၃၈ ဦးကို တင်ဆောင် လာခဲ့ကြောင်း တာဝန်ရှိသူတအနာတို လီယာသတင်းဌာနသို့ပြောကြားသည်။ သေဆုံးသူများအား အစ္စတန်ဘူလ် မြို့ခွန့်ရှိ လယ်မြေတစ်ခုအတွင်းပစ်ချ ထားသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံသည် အရှေ့တောင် အာရှနှင့် ယခင်ဆိုဗီယက်နိုင်ငံတို့မှ ဥရောပသမဂ္ဂနိုင်ငံများ အတွင်းသို့ တရားမဝင် အခြေစိုက်ရန် ဝင်လာသူ များအတွက် အဓိကလမ်းကြောင်း တစ်ခုဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း ဆွတ်တောင်ကြားဒေသရှိ စစ်ဆေး ရေးဂိတ်၌ လုံခြုံရေးစောင့်ကြပ် နေသော တပ်ဖွဲ့ဝင်များကို ဇူလိုင် ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

တောင်ကိုရီးယားရေတပ် စစ်ရေးလေ့ကျင့်

ဆိုးလ် ဇူလိုင် ၃၁

ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသည့် ကလပ်စတာကျွန်းစုနားကျင်၌ တောင် ကိုရီးယားရေတပ်က ဗုဒ္ဓဟူးနေ့တွင် စစ်ရေးလေ့ကျင့်သည်။ တောင်ကိုရီးယား နိုင်ငံ ဝန်ကြီးချုပ်က အဆိုပါ အငြင်းပွားနေသည့်ကျွန်းသို့ တရားဝင် အလည် အပတ်သွားပြီး နောက်တစ်ရက်တွင် စစ်ရေးလေ့ကျင့်ခြင်းဖြစ်သည်။ ယခု ကိစ္စသည် အိမ်နီးချင်း အာရှနှစ်နိုင်ငံအကြား ဆက်ဆံရေးအခြေအနေ တင်းမာမှုများ ထပ်မံဖြစ်စေသည်ဟု ဂျပန်နိုင်ငံက ပြောကြားသည်။

ဒေါ်ဒိုရေပိုင်နက်အတွင်းသို့ ရန်သူတပ်ဖွဲ့ကကျူးကျော်ဝင်ရောက်လာသည် ဟု စိတ်ကူးဖြင့် ပုံဖော်ပြီး စစ်ရေးလေ့ကျင့်ခြင်းဖြစ်ကြောင်း ရေတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

စစ်ရေးလေ့ကျင့်ရာတွင် ရေတပ်နှင့် ကမ်းခြေစောင့်တပ်၊ လေတပ်ဖွဲ့ တို့ပူးတွဲ၍ ရန်သူတပ်ကို ကြားဖြတ်ဟန့်တားပြီး မောင်းထုတ်ခြင်းဖြစ်သည် ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ကလပ်စတာကျွန်းစုအနီး စစ်ရေးလေ့ကျင့်နေသည့် တောင်ကိုရီးယား ရေတပ်သင်္ဘောတစ်စင်းကို ဇူလိုင် ၃၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီကွေဒေါရှိ အမေရိကန်နိုင်ငံ လေတပ်အခြေစိုက်စခန်း ဆက်လက်သက်တမ်းတိုးခွင့် မပြုတော့ဟုဆို

ကွီတို ဇူလိုင် ၃၁

အီကွေဒေါနိုင်ငံ အစိုးရအနေဖြင့် လာမည့်နှစ်တွင် သက်တမ်းကုန်ဆုံးတော့မည့် အမေရိကန်နိုင်ငံအား ငှားရမ်းထားသော မန်တာလေတပ် အခြေစိုက်စခန်း အသုံးပြုခွင့်ကို ဆက်လက်သက်တမ်းတိုးခွင့်ပြုမည် မဟုတ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ဖော်ပြထား

အဆိုပါ သတင်းထုတ်ပြန်ရာတွင် အဆိုပါ မန်တာ လေတပ်စခန်း၌ အမေရိကန်တို့ တပ်စွဲထားခြင်းကို ၂၀၀၉ ခုနှစ် ဩဂုတ်လ အထိသာခွင့်ပြုမည်ဖြစ်ပြီး အမေ ရိကန်တို့၏ စစ်ဘက်အသုံးပြုပစ္စည်းများကို အီကွေဒေါ လေတပ်သို့ လွှဲပြောင်းပေးရန် အမေရိကန်နှင့် အီကွေဒေါ နိုင်ငံတို့ သဘောတူညီကြကြောင်း ဖော်ပြထားသည်။

သဘောတူစာချုပ်ချုပ်ဆို

အမေရိကန်နိုင်ငံသည် ၁၉၉၉ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် အီကွေဒေါ အစိုးရနှင့် ၁၀ နှစ် သဘောတူ စာချုပ်ချုပ်ဆိုကာ တောင်အမေရိကရှိ အီကွေဒေါနိုင်ငံ အနောက်ပိုင်း မန်တာဘေးဒေသတွင် လေတပ်အခြေစိုက် စခန်း တည်ဆောက်ပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဝင်ရောက်ခွင့်မပြု

မကြာသေးမီက ကျင်းပခဲ့သည့် အထူးအစည်း အဝေး၌ ရေးဆွဲခဲ့သည့် အခြေခံဥပဒေမူကြမ်းအသစ်တွင် အီကွေဒေါနိုင်ငံပိုင်နက်အတွင်း မည်သည့်နိုင်ငံခြား စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ကိုမဆို ဝင်ရောက်ခွင့်မပြုသည့် တားမြစ်ချက်တစ်ရပ် ပါရှိခဲ့သည်။

ပြောကြား

မိမိတို့အနေဖြင့် အိမ်နီးချင်းဖြစ်သည့် ကိုလံဘီယာ နိုင်ငံနှင့် ပီရူးနိုင်ငံများတွင် လေတပ်အခြေစိုက်စခန်း ဖွင့်လှစ်မည့် အစီအစဉ်ကို ရေးဆွဲလျက်ရှိကြောင်း ဝါရှင် တန်ရှိ အမေရိကန်စစ်ဘက်မှ တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ။

မိခင်နို့ရည်နှင့် ဘဝအစ ခြေလှမ်း

ဒေါက်တာ ယုဇနစောမြင့်
(ရန်ကုန်ကလေးဆေးရုံကြီး)

မွေးကင်းစကလေးငယ်များအတွက် မိခင်နို့ တိုက်ကျွေးခြင်းသည် လွန်စွာကောင်းသော အကျိုးကျေးဇူးများရှိကြောင်းကို အများအားဖြင့် သိရှိပြီးဖြစ်ပါသည်။ ကလေးငယ်မွေးဖွားပြီး တစ်နာရီအတွင်း မိခင်နို့ စတင်တိုက်ကျွေးခြင်းသည် ကမ္ဘာတစ်လွှားရှိ ကလေးငယ်တစ်သန်း၏ အသက်ကို ကယ်တင်နိုင်သည်ဆိုသည့် အချက်ကို မူကားလေးနက်စွာ သိချင်မှသိကြပါလိမ့်မည်။ မှန်ပါသည်။ မွေးပြီး ပထမတစ်နာရီသည် ကလေးငယ်၏ဘဝတစ်ခုလုံးကို အဆုံးအဖြတ်ပေးသော ကာလဖြစ်ကြောင်းကို သိရလျှင်မူကား ပို၍ပင် အံ့သြသွားကြပါလိမ့်မည်။

ဘဝ၏ပထမတစ်နာရီ

ကျန်းမာစွာမွေးဖွားလာသော ကလေးငယ်အား မွေးဖွားပြီးလျှင်ပြီးချင်း မိခင်၏ရင်ဘတ် (သို့မဟုတ်) ဝမ်းဗိုက်ပေါ်သို့ မှောက်၍ တင်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ထိုကလေးငယ်သည် မှတ်တမ်းတင်လောက်အောင် ထူးခြားသော လုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်ကြောင်းတွေ့ရှိရပါမည်။ ထိုကလေးငယ်တို့သည် မိခင်၏ရင်ဘတ်နှင့် ဝမ်းဗိုက်ပေါ်တွင် လန်းဆန်းစွာ တွားသွားလျက်နေပြီး မိခင်၏ နူးညံ့သော အထိအတွေ့ကြောင့် မိခင်၏ ဝမ်းဗိုက်မှတစ်ဆင့် မိခင်၏သားမြတ်ဆီသို့ အလွယ်တကူရောက်ရှိသွားလေသည်။ ထို့နောက် မိခင်၏သားမြတ်ကို စတင်၍ ထိတွေ့ဖိနှိပ်ပေးပါတော့သည်။

ကလေး၏ပထမဆုံးအထိအတွေ့သည် မိခင်နို့ကိုစတင်၍ထွက်စေသော အောက်စီတိုစင် (Oxytocin) ဟော်မုန်းကို လှုံ့ဆော်ပေးသည်သာမက ကလေးအား ချစ်ခင်သောစိတ်ကိုလည်း ပိုမိုရရှိလာစေပါသည်။ ဆက်လက်၍ကလေးငယ်သည် မိခင်၏နို့သီးခေါင်းအနံ့ကိုရှူ ပါးစပ်ဟပြီးနောက် နို့သီးခေါင်းကို လျက်ပါတော့သည်။ နောက်ဆုံးတွင် ကလေးငယ်သည် မိခင်၏နို့သီးခေါင်းမှ နို့ရည်ကို ကောင်းစွာစတင်စို့ယူနိုင်ပါတော့သည်။ ဤဖြစ်စဉ်သည် လူ့ဘဝသို့ ရောက်လာခါစ ကလေးငယ်၏ အသက်ရှင်ရေးအတွက် အလွန်အရေးကြီးပါသည်။ မွေးဖွားပြီးစ မိခင်နို့ရည်ကို ပထမဆုံးတိုက်သော အချိန်သည် မွေးကင်းစကလေးငယ်သေဆုံးနှုန်း အတိုး၊ အလျော့နှင့် များစွာ သက်ဆိုင်ပါသည်။ မိခင်နို့ရည်ကို မွေးဖွားပြီးစ တစ်နာရီအတွင်းတိုက်လျှင် သေဆုံးနှုန်း ပို၍လျော့နည်းနိုင်ပါသည်။

မိခင်နှင့်ကလေးငယ်၏ထိကပ်မှု

- **မိခင်နှင့်ခန္ဓာကိုယ်သည် ကလေးငယ် လိုအပ်သော နွေးထွေးမှုကို ပေးစွမ်းနိုင်ပါသည်။ ဤအချက်သည် အလေးချိန်မပြည့်သော ကလေးငယ်များအတွက် အထူးအရေးကြီးပါသည်။**
- **ကလေးငယ်သည် စိတ်ဖိစီးမှုလျော့နည်းကာ သက်သောင့်သက်သာရှိပြီး အသက်ရှူနှုန်းနှင့် နှလုံးခုန်နှုန်းပို၍ ကောင်းမွန် တည်ငြိမ်လာပါသည်။**
- **မိခင်ထံမှ အန္တရာယ်မရှိသော ဘက်တီးရီးယားပိုးများနှင့် ရောဂါကာကွယ်နိုင်သောဓာတ်များကို မိခင်နို့ရည်မှတစ်ဆင့် ရရှိပါသည်။ ထိုဘက်တီးရီးယားပိုးများသည် ကလေးငယ်၏ အူလမ်းကြောင်းနှင့်အရေပြားတို့သို့ ရောက်ရှိပွားများပြီး အန္တရာယ်ပေးမည့် ဘက်တီးရီးယားပိုးများ ကလေးထံ ကပ်ငြိဝင်ရောက်ခြင်းကို ကာကွယ်ပေးကြပါသည်။**

နို့ဦးရည်၏တန်ဖိုး

ပထမဆုံးရရှိသော နို့ဦးရည်သည် **"တန်ဖိုးကြီးသော ရွှေကဲ့သို့သောအရည်"** ပင်ဖြစ်ပြီး **"ဘဝလက်ဆောင်"** ဟုတင်စားလျှင်လည်း မှားမည်မဟုတ်ပေ။ နို့ဦးရည်သည် ရောဂါကာကွယ်နိုင်သော ကလာပ်စည်းများ၊ ပဋိလုံ့ပစ္စည်းများ (antibodies)နှင့် ရောဂါကာကွယ်နိုင်သော ပရိုတင်းများပါဝင်သဖြင့် ကလေးငယ်များအား ပထမဆုံး ရောဂါကာကွယ်ဆေး (First immunization) ကို ရရှိစေအောင် ဖန်တီးပေးသည်ဟုပင် တင်စား၍ ပြောဆိုနိုင်ပါသည်။ ကလေးငယ်၏ ရောဂါ ခုခံကာကွယ်နိုင်သော ပင်ကိုစွမ်းရည်ရရှိစေရန် ကူညီပေးပါသည်။

ပထမဆုံးရရှိသော နို့ဦးရည်သည် "တန်ဖိုးကြီးသော ရွှေကဲ့သို့သောအရည်" ပင်ဖြစ်ပြီး "ဘဝလက်ဆောင်" ဟု တင်စားလျှင်လည်း မှားမည်မဟုတ်ပေ။ နို့ဦးရည်သည် ရောဂါကာကွယ်နိုင်သော ကလာပ်စည်းများ၊ ပဋိလုံ့ပစ္စည်းများ (antibodies) နှင့် ရောဂါကာကွယ်နိုင်သော ပရိုတင်းများပါဝင်သဖြင့် ကလေးငယ်များအား ပထမဆုံး ရောဂါကာကွယ်ဆေး (First immunization) ကို ရရှိစေအောင် ဖန်တီးပေးသည်ဟုပင် တင်စား၍ ပြောဆိုနိုင်ပါသည်။ ကလေးငယ်၏ရောဂါ ခုခံကာကွယ်နိုင်သော ပင်ကိုစွမ်းရည်ရရှိစေရန် ကူညီပေးပါသည်။

> **ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်**
> **(၁-၈-၂၀၀၈ မှ ၇-၈-၂၀၀၈)ထိ**
> World Breastfeeding Week
> (1-8-2008 to 7-8-2008)
> Mother Support: Going for the Gold!
> **"မိခင်နို့ စနစ်တကျတိုက်ကျွေးဖို့ ဝိုင်းဝန်းကူညီပံ့ပိုးစို့"**
> **ကျန်းမာရေးဝန်ကြီးဌာန**

- ၎င်းတွင် ဖွံ့ဖြိုးစေသော ဓာတ်များ(Growth factors)လည်း ပါဝင်သဖြင့်ကလေးငယ်၏အူလမ်းကြောင်းကို ဖွံ့ဖြိုးစေပြီး အူလမ်းကြောင်း၏ လုပ်ငန်းများကိုလည်း ထိရောက်စွာ လုပ်ဆောင်နိုင်ရန် ကူညီပေးပါသည်။ သို့ဖြစ်ပါ၍ ရောဂါပိုးများဝင်ရောက်ခြင်းကို ကာကွယ်နိုင်ပါသည်။
- ဗီတာမင်အေဓာတ် မြောက်မြားစွာ ပါဝင်သဖြင့် မျက်စိ၏ အမြင်အာရုံချို့တဲ့ခြင်းနှင့် ရောဂါပိုးဝင်ရောက်ခြင်းတို့မှ ကာကွယ်ပေးနိုင်ပါသည်။
- ၎င်းသည် အူ၏လှုပ်ရှားမှုကို လှုံ့ဆော်ပေးသဖြင့် "ငယ်ချေး" (meconium)များ အူထဲမှ လျင်မြန်စွာ ထွက်သွားစေပါသည်။ဤနည်းဖြင့် မွေးကင်းစ အသားဝါဖြစ်စေသော ဓာတ်တို့လည်း လျင်မြန်စွာ ထွက်သွားပြီး မွေးကင်းစ အသားဝါဖြစ်နှုန်းကို လျော့နည်းစေပါသည်။
- အနည်းငယ်သာ ထွက်ရှိသော်လည်း မွေးကင်းစ ကလေးငယ်အတွက် မှန်ကန်လုံလောက်သော ပမာဏပင်ဖြစ်သည်။

ပီတိဝေဖြာမိခင်မှာ

ကလေးငယ်၏ ထိတွေ့မှု၊ နို့ငုံမှု၊ စုပ်ယူမှုတို့ကြောင့် အောက်စီတိုစင်ဟော်မုန်းကို ထွက်လာစေပါသည်။ ယင်းဟော်မုန်းသည်-

- **သားအိမ်ကို ကျုံ့စေပါသည်။ ထို့ကြောင့် အချင်းကို အမြန်မွေးဖွားလာစေသည့်အပြင်မွေးဖွားပြီး သွေးသွန်ခြင်းကိုလည်း လျော့နည်းစေပါသည်။**
- **အခြားဟော်မုန်းများကိုလည်း ထွက်လာစေပြီး ယင်းဟော်မုန်းများသည် မိခင်၏စိတ်ကို ကြည်လင်စေကာ သက်သောင့်သက်သာရှိပြီး ကလေးငယ်ကို ပိုမို၍ မေတ္တာသက်ဝင် ချစ်ခင်စေပါသည်။**
- **သားမြတ်မှ နို့ရည်များ ထွက်လာစေရန်လည်း လှုံ့ဆော်ပါသည်။**

မိခင်တို့သည် မိမိတို့၏ ရင်သွေးငယ်နှင့် ပထမဆုံးတွေ့ဆုံရသည့် ဤကာလ၌ ဖော်မပြနိုင်လောက်အောင် လွန်စွာပီတိဖြစ်ရပါသည်။ ဖခင်တို့ကလည်း အထူးကြည်နူးကြသည့်အခါ ဖြစ်ပါသည်။ မိခင်နှင့် ကလေးငယ်တို့၏ သံယောဇဉ်တွယ်တာမှုသည်လည်း စတင်ချေပြီ။

မိခင်နှင့်ကလေး ထိကပ်ခြင်းနှင့် နို့ဦးရည်ကို စောစောတိုက်ခြင်းတို့ကြောင့် မွေးကင်းစ ကလေးငယ်တို့ မွေးပြီးတစ်လအတွင်း သေနှုန်းကို လျော့ကျစေပါသည်။ ထို့ပြင် မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်း (Exclusive Breastfeeding)နှင့် မိခင်နို့ကို ကာလရှည်ကြာစွာ တိုက်ကျွေးနိုင်ခြင်းတို့ကိုလည်း ဖြစ်စေပြီး ကလေးငယ်ကို ကြီးလာသည်အထိ ကျန်းမာစေရန် အထောက်အကူပြုပါသည်။

မှားယွင်းသောအယူအဆအချို့

မိခင်နို့ ပုံမှန်စတင်တိုက်ကျွေးခြင်းကို အဟန့်အတားဖြစ်စေသော မှားယွင်းသော အယူအဆများမှာ-

"နို့ဦးရည်သည် မကောင်း၊ ကလေးငယ်အား အန္တရာယ်ပြုနိုင်သည်။" ဆိုသော်လည်း အမှန်မှာ နို့ဦးရည်သည် ကလေးငယ် ပုံမှန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါကြောင်း ဆိုခဲ့ပြီးဖြစ်သည်။

"မိခင်နို့မတိုက်မီ ကလေးငယ်ကို ဖျော်ရည်၊ လက်ဖက်ရည်စသည်ဖြင့် အရည်တစ်ခုခု ရှေးဦးစွာ တိုက်ကျွေးသင့်သည်။" ဆိုသည်မှာလည်း မဟုတ်ပါ။ ထိုသို့ ပြုလုပ်ခြင်းသည် ကလေးငယ်ထံ ရောဂါပိုးတို့ဝင်စေပြီး မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းကို လျော့နည်းစေသည့်ပြင် မိခင်နို့ တိုက်ကျွေးသော ကာလကို တိုတောင်းစေ၏။

"နို့ဦးရည်နှင့် မိခင်နို့ရည်သာ တိုက်လျှင် ကလေးငယ်သည် လုံလောက်သော အစာအာဟာရ မရရှိနိုင်" ဟုလည်း ဆိုကြသည်။ စင်စစ် ပထမဆုံးစတင် သောက်သုံးခြင်းဖြစ်သဖြင့် လုံလောက်ပါသည်။ မွေးဖွားပြီးစရက်များတွင် ကိုယ်အလေးချိန် ၃-၆ရာခိုင်နှုန်း ကျသည်မှာ ပုံမှန်ဖြစ်ပါသည်။

"ကလေးငယ်အေးစက်နေမည်" ဆိုရာမှာလည်း မမှန်ပါ။ မအေးစက်ပါ။ မိခင်နှင့် ထိကပ်နေခြင်းကြောင့် လိုအပ်သော အပူချိန်ရရှိနေပါပြီ။ ကလေးငယ်သည် မိခင်၏ ရင်ခွင်သို့ရောက်ပြီး နှစ်မိနစ်အတွင်း မိခင်၏ သားမြတ်၏ အပူချိန်သည် 0.5˚C တက်လာပါသည်။ အံ့သြဖွယ်ကောင်းလေစွ။

"မွေးပြီးပြီးချင်း အချိန်တွင် မိခင်သည် ပင်ပန်းနွမ်းနယ်နေသဖြင့် ချက်ချင်း မိခင်နို့ စတင်မတိုက်နိုင်ပါ။" ဆိုသည်မှာလည်း မမှန်ပါ။အောက်စီတိုစင် ထွက်ပေါ်လာသဖြင့် မိခင်သည် စိတ်ကြည်လင်နေပြီး မောပန်းနေခြင်းမရှိပါ။

နို့ချိုတိုက်ကျွေး မေ့ရင်သွေး

မွေးဖွားပြီးနောက် မိခင်နို့စောစောတိုက်ခြင်းကြောင့် ရနိုင်သောအကျိုးများကိုလည်း သိရှိပြီးဖြစ်ပါသည်။ မှားယွင်းသော အယူအဆအချို့အကြောင်းကိုလည်း ဆွေးနွေးပြီးဖြစ်ပါသည်။ ထို့ကြောင့် မွေးဖွားပြီး တစ်နာရီအတွင်း မိခင်နို့တိုက်ကျွေးခြင်းသည် မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးခြင်းကို ပိုပြင်စွာဖြစ်ပေါ်လာစေရန် ပထမခြေလှမ်းဖြစ်ကြောင်း၊ မိခင်အားလုံးသိရှိ လောက်ပြီဖြစ်ပါသည်။ မိခင်နို့အောင်မြင်စွာ တိုက်ကျွေးရေးအဆင့် (၁၀)ဆင့်၏ နံပါတ်(၄)အဆင့်တွင်လည်း ဖော်ပြထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၀၈ ခုနှစ်၊ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် (World Breastfeeding Week 2008) အတွက် **"မိခင်နို့စနစ်တကျတိုက်ကျွေးဖို့၊ ဝိုင်းဝန်းကူညီပံ့ပိုးစို့"** ဟူ၍ သတိပေးတင်ပြထားပါသည်။

ကလေးငယ်များ ဘဝသည် မိခင်နို့မည်မျှစောစောတိုက်နိုင်သည်ဆိုသည့် အချက်ပေါ်တွင် မူတည်နေသဖြင့် "အစကောင်းမှအနှောင်းသေချာ" ဆိုသည်နှင့်အညီ အနာဂတ်၏ အရည်အချင်းပြည့်ဝသော သားကောင်းရတနာများ ပေါ်ထွက်လာစေရန် **"ဘဝအစခြေလှမ်း"**၏ အရေးပါပုံကို တင်ပြလိုက်ရပါသည်။ ။

ကျောက်ချောဓာတ်အားခွဲရုံနှင့် အောင်ပင်လယ် ပင်မဓာတ်အားခွဲရုံ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇူလိုင် ၂၈ ရက်တွင် ပြင်ဦးလွင်နှင့် ရွှေစာရံအကြား 230 KV Twin Bundle Double Circuit Transmission Line ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အပိုင်းလိုက် လုပ်ကိုင်ရန်လိုပါက အပိုင်းလိုက် ဆောင်ရွက်ကြရန်၊ ကြိုတင်ဆောင်ရွက်ရန် လိုပါက ကြိုတင်ဆောင်ရွက်ရန်၊ တစ်ပြိုင်တည်းဆောင်ရွက်ရန်လိုပါက တစ်ချိန်တည်း တစ်ပြိုင်တည်း စုပေါင်းဆောင်ရွက်ရန် လုပ်ငန်း၏အရေးကြီးမှု အတိုင်းအတာပေါ်မူတည်၍ ကြိုးစားဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ချောဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံ Switch Yard အတွင်း တံခွန်တိုင်(မန္တလေး) ပင်မ ဓာတ်အားခွဲရုံမှ ဓာတ်အားအဝင်လိုင်းများအခြေအနေ၊ ပြင်ဦးလွင်နှင့် ရဲရွာသို့ ဓာတ်အားအထွက်လိုင်းများ အခြေအနေ၊ ရွှေစာရံပင်မဓာတ်အားခွဲရုံမှ ဓာတ်အားအဝင်လိုင်းနှင့် ပြင်ဦးလွင်သို့ ဓာတ်အားအထွက်လိုင်းများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အောင်ပင်လယ် ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်ရွက်၍လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားကာ ပင်မဓာတ်အားခွဲရုံ Switch Yard အတွင်း ဓာတ်အားအဝင်၊ အထွက် လိုင်းဆွဲထားမှု အခြေအနေများ၊ Transformers များ၏ ကြံ့ခိုင်ရေးဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် Control Room အတွင်း ဆည်တော်ကြီး ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားလက်ခံရရှိမှုနှင့်ပို့လွှတ်သည့် ဓာတ်အားများ မန္တလေးပင်မ ဓာတ်အားခွဲရုံ (တံခွန်တိုင်)သို့ ပေးပို့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရား ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၉၄) ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် လှူဒါန်းမှုအစုစု ရေစက်ချ မင်္ဂလာအခမ်းအနားကို ဘုရားကြီးရင်ပြင်၌ ကျင်းပရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးချစ်မြိုင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များထံမှ ရေစက်ချတရား နာယူစဉ်။

(ကြေးမုံ)

ဧရာဝတီတိုင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁

ဧရာဝတီတိုင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက ကြီးမှူးကျင်းပသော မထသ၊ မော်တော်ယာဉ်၊ ထော်လာဂျီ၊ ရေယာဉ်စက်လှေအသင်း မိသားစုများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက်တွင် ပုသိမ်မြို့ တကောင်းဘုရားလမ်း ကုန်းသာပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်း**(အပေါ်ပုံ)**၊ မထသဥက္ကဋ္ဌ ဦးစိုးကြိုင်၊ မထသ အတွင်းရေးမှူး ဦးခင်မောင်ရင်၊ ရေယာဉ်ဥက္ကဋ္ဌ ဦးတိုင်းအောင်၊ စက်လှေအသင်းဥက္ကဋ္ဌ ဦးတင်ရွှေနှင့်ဌာန မိသားစုများက ဆရာတော်များထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ဇူလိုင် ၃၀ ရက်တွင် ကွမ်းခြံကုန်းမြို့နယ် ဗိုလ်ချုပ်လမ်းရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ အသင်းဝင်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကွမ်းခြံကုန်းမြို့နယ်အသင်းရုံး ပြန်လည်ပြုပြင်ရန် ငွေကျပ် ခုနစ်သိန်းကို မြို့နယ် အတွင်းရေးမှူးထံ ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ကမ်းနားလမ်းရှိ ကွမ်းခြံကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမသို့ သွားရောက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး ဓမ္မိကာရုံကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကွမ်းခြံကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းရုံးအတွက် ငွေကျပ် တစ်သိန်း ပေးအပ်စဉ်။

(မြို့တော်သတင်း)

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ကော့မှူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ အသင်းဝင်များအား တွေ့ဆုံမှာကြားပြီး မြို့နယ်အသင်းရုံးအတွက် ငွေကျပ် တစ်သိန်းကို ပေးအပ်သည်။

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ကော့မှူးမြို့နယ် နေမိကာရာမကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး မြို့မရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသို့ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဗလာစာအုပ်ဒါဇင် ၁၀၀ နှင့် ဆပ်ပြာများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ကော့မှူးမြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား နှစ်သိမ့်အားပေးစကားပြောကြားပြီး ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ထောက်ပံ့ငွေများကို လူနာများအား ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ကော့မှူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားတွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကော့မှူးမြို့နယ် အတွင်း စပါးစိုက်ပျိုး ပြီးစီးနေမှုနှင့် မြေဆီပက်ဖျန်းခြင်းတို့ကို ကြည့်ရှုအားပေးသည်။

ကော့မှူးမြို့နယ်တွင် ယခုနှစ် မိုးစပါး စိုက်ဧက ၈၈၂၆၅ ဧက လျာထားရာ ၈၅၆၀၈ ဧက စိုက်ပျိုးပြီးစီးနေပြီး ရာခိုင်နှုန်းအားဖြင့် ၉၇ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးနေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝိပဿနာ စေတီတော်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့အနီး၌ တည်ဆောက်လျက်ရှိသည့် ဝိပဿနာ စေတီတော်ကြီးအတွက် (၁၂)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့မှ ဆရာ ဦးသိန်းအောင်နှင့် ငွေပန်းထိမ်ပညာရှင် ဦးစံကြည်တို့က စေတီတော်ကြီးနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အလှူရှင် ဒေါ်စိန်တီ မိသားစုက ငွေကျပ်သိန်း ၁၀၀၊ ဗဟန်းမြို့နယ်နေ ဦးလှမော်၊ ဒေါ်ခင်ခင်လှတို့အား အမှူးထား၍ ဦးဝင်းဇော်-ဒေါ်စောယုမော်၊ ဦးအောင်စိုး-ဒေါ်ဆင်ဆင်ဖြိုး မိသားစုက ငွေကျပ် ၈၈၀၀၀၃၂ တန်ဖိုးရှိ ရတနာပစ္စည်းများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက လှူဒါန်းသော ရွှေစင်ခြောက်ကျပ်သား အပါအဝင် အလှူရှင် ၂၅၀ တို့က လှူဒါန်းငွေကျပ် ၄၅၂၀၃၁၈၈၊ ငွေကျပ် ၃၈၉၆၃၉၄၀ တန်ဖိုးရှိ ရတနာပစ္စည်းများ၊ အမေရိကန်ဒေါ်လာ ၂၃၆၉၊ FEC ၃၃၂၊ ယွမ် ၁၀၀၊ ဘတ်ငွေ ၃၂၀၊ AUSI-D ၁၃၀ နှင့် စင်ကာပူဒေါ်လာခြောက်ဒေါ်လာတို့ကို အလှူရှင်များကိုယ်စား အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ အကြံပေးနာယက ဦးမောင်ရွှေက ပေးအပ်လှူဒါန်းရာ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်က လက်ခံပြီး လှူဒါန်းမှု အစုစုတို့အတွက် အမျှပေးဝေကြသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့အနီး၌ တည်ဆောက်လျက်ရှိသည့် ဝိပဿနာစေတီတော်ကြီးအတွက် (၁၂)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၂၅၀တို့ကိုယ်စား အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့ အကြံပေးနာယက ဦးမောင်ရွှေ အလှူငွေများကို ပေးအပ်လှူဒါန်းရာ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင် လက်ခံစဉ်။

(သတင်းစဉ်)

ကျိုက္ကစံ ဆံတော်ရှင်စေတီတော် သာသနိက အဆောက်အအုံများ ဘက်စုံပြန်လည်မွမ်းမံရန်အတွက် ဒဂုံမြို့သစ် (မြောက်ပိုင်း) စည်ပင်လမ်းနေ ဦးညဏ်လင်း- ဒေါ်နှင်းစိုး မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးမြင့်သိန်း လက်ခံရယူစဉ်။

(ကြေးမုံ)

ဩဂုတ် ၁ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီးတို့ ဆွစ်ဇာလန်နိုင်ငံ၏ (၇၁၇)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Daniel Derzic **ကြိုဆို နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

အုတ်ဖိုမြို့ ဗုဒ္ဓမြတ်စွယ်တော် ၁၁၈ ဝါတော်ပြည့် (၁၅) ကြိမ်မြောက် ဒေသစာရီ ကြွချီအပူဇော်ခံပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့၌ ၁၂၅၂ ခုနှစ်မှစ၍ ပင့်ဆောင်ပူဇော်ခဲ့သည့် ဗုဒ္ဓမြတ်စွယ်တော်ကို သုံးနှစ်တစ်ကြိမ် လှည့်လည် အပူဇော်ခံပွဲတော်ကြီး ကျင်းပပူဇော်ခဲ့ရာ ယခုနှစ်တွင် လှည့်လည်အပူဇော်ခံပွဲ ကျင်းပရေးအတွက် ဂေါပကစုံညီအစည်းအဝေးကို ဓမ္မာရုံသာသနာ့ဗိမာန်၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေး၊ နာယက ဦးအုန်းဖေ၊ နယ်မြေခံတပ်မှ ဗိုလ်မှူးခင်မောင်ထွေးတို့က အမှာစကားပြောကြားကြပြီး ဥက္ကဋ္ဌ ဦးသန်းမောင်၊ အတွင်းရေးမှူး ဦးချစ်နိုင် (ပန်းချီ)တို့ ပါဝင်သော ပွဲတော်ကျင်းပရေး ဂေါပက အလုပ်အမှုဆောင်အဖွဲ့အား ၄၇ ဦးဖြင့် ဖွဲ့စည်းကြသည်။

တန်ဆောင်မုန်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ကိုးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ မွန်းလွဲ ၁ နာရီတွင် မြို့တွင်းသို့ မင်္ဂလာဆင်တော်ဖြင့် လှည့်လည်အပူဇော်ခံမည်။ ပွဲတော်ရက် သာသနာ့ဗိမာန် ယာယီစံကျောင်းထက်၌ ခုနစ်ရက်တိုင် မြတ်စွယ်တော်အား ဘုရားဖူးလာ ပြည်သူအများ သဒ္ဓါထက်သန်စွာ ကြည်ညိုဖူးမြော်ပူဇော်နိုင်ရန် စီစဉ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၈-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"သေနည်းလေးမျိုး" တရားတော် [ဆရာတော် အရှင်ဇဝန(မေတ္တာရှင်)]
၈း၀၀ - ၂း၀၀	ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့
၈း၁၅ - ၂း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၃၅ - ၂း၃၅	KMD မှ NEC မိတ်ဆက်ပွဲ
၈း၅၀ - ၂း၅၀	တေးဂီတအစီအစဉ်
၈း၅၅ - ၂း၅၅	ကြည်နူးကုသိုလ်ပြုစေချင်သည် ရွှေမန်းတောင်၏ ဆုတောင်းပြည့်ရင်ပြင်ဆီ
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	"သူတော်ကောင်းကြီးများ၏ လောကကိုအလှဆင်ခြင်းတရား" [ဒေါက်တာချစ်ငယ်(ဒဿန) Ph.D]
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	ရောင်စုံရသ နီယွန်ည
၁၀း၃၀ - ၄း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၅ - ၄း၃၅	ကျွန်းမျောပေါ်က ခရမ်းချဉ်သီး
၁၀း၅၅ - ၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀ - ၅း၀၀	မိုးလေဝသခန့်မှန်းချက်
၁၁း၀၅ - ၅း၀၅	တစ်ပတ်အတွင်းအားကစားသတင်း
၁၁း၂၀ - ၅း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
၁၂း၁၅ - ၆း၁၅	နိုင်ငံတကာအနုပညာရေးရာ
၁၂း၃၅ - ၆း၃၅	Activities In The City (Serbia သံရုံးမှ ပန်းချီကားလှူဒါန်းပွဲ)
၁၂း၄၀ - ၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅ - ၆း၄၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဩဂုတ် ၁

၂၀၀၈ခုနှစ် ဩဂုတ် ၁ ရက် မြန်မာစံတော်ချိန် ၁၅ နာရီ၊ ၀၆ မိနစ်၊ ၄၃ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အရှေ့ မြောက်ဘက်မိုင် ၁၁၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ ထိုင်းနိုင်ငံ သံအမတ်ကြီးကိုယ်စား ငွေလှူဒါန်း

နေပြည်တော် ဩဂုတ် ၁

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ အလှူငွေနှင့် လေဘေးသင့်ပြည်သူများအတွက် ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ဇူလိုင် ၂၆ရက် နံနက် ၉နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) ပင်လုံလမ်းရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့သာသနာ့ ဗိမာန်တော်ရှိ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံရုံး၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး ကိုယ်စား သံမှူးကြီး Mr. Prasas Prasasvinit Chai က အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံအတွက် အလှူငွေ FEC ၃၁၂၅ နှင့် လေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဟင်းသီးဟင်းရွက်ဘူး၊ အသားဘူး၊ ဆေးပစ္စည်းများနှင့် ခေါက်ဆွဲထုပ်များကို ပေးအပ်လှူဒါန်းပြီး အပြည်ပြည်ဆိုင်ရာအဘိဓမ္မာမဟာသိပ္ပံစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမြသန်း (အငြိမ်းစား - သံအမတ်ကြီး) က လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြောင်း သိရှိရသည်။

(အောက်ပုံ) (သတင်းစဉ်)

အောင်ဘာလေ ထီဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁

(၂၃၅)ကြိမ်မြောက်အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများစာရင်း-

အထူးဆုကြီးတစ်ဆု ကျပ်သိန်း(၅၀၀)

ဗ-၄၆၃၂၀၀

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

ဍ-၉၂၂၁၄၀

ရ-၂၉၉၅၃၀

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

ပ-၁၉၇၇၃၆

ပ-၅၃၅၁၈၅

ဈ-၂၁၈၀၈၈

ယ-၃၀၉၁၈၂

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

ဍ -၇၀၈၅၈၆	ရ - ၉၇၅၃၆၉
ဗ -၃၆၇၀၃၉	သ- ၂၅၆၈၃၄
လ -၄၂၅၀၆၀	ဠ - ၆၈၈၄၄၄
ဝ -၂၇၉၇၂၂	ပ - ၈၄၅၉၆၈
ခ -၇၀၄၇၇၀	မ - ၃၇၁၈၁၃
ဘ -၄၉၇၄၂၈	ဏ- ၁၄၅၆၁၉
ဝ -၆၃၆၄၄၀	ဃ- ၃၀၇၀၉၄
ဃ -၇၃၃၆၈၁	လ- ၅၄၄၇၂၄
တ -၁၁၃၃၅၆	ဍ- ၆၆၈၁၅၆
င -၁၅၁၂၆၃	ဠ- ၄၆၆၅၃၁
ပ -၉၆၃၆၁၅	

ကျပ်သိန်း(၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

စ -၄၈၈၇၁၇	ဝ -၁၆၉၅၂၅
ဗ -၂၃၄၁၄၆	ဘ -၃၂၅၉၂၃
ဖ -၈၉၀၈၀၆	ဆ -၃၈၇၉၄၉
တ -၇၆၄၅၀၂	ဆ -၃၄၄၆၁၄
ခ -၇၁၇၁၆၄	ထ -၈၀၈၂၇၂
ဒ -၄၇၃၃၂၂	ဃ -၆၉၈၇၉၇
ဋ -၅၃၃၆၉၉	က -၅၇၅၁၉၇
ပ -၈၆၇၁၂၀	တ -၁၉၅၉၁၄
က -၄၆၂၁၇၅	

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကမ္ဘာတစ်လွှား ထူးထူးခြားခြားဖြစ်ရပ်များ

ကမ္ဘာမြေတစ်လွှား ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်ဖြစ်စဉ်များအနက် အချို့ဖြစ်ရပ်များသည် ယုံနိုင်ဖွယ်ရာမရှိ ပြောမယုံကြုံဖူးမှသိ ဆိုသကဲ့သို့ ထူးခြားဆန်းပြားလှသည်ကိုတွေ့ရသည်။ ယင်းတို့အနက် ဖြစ်စဉ်အချို့ကို ဖော်ပြလိုက်ပါသည်။

ပင်လယ်ပြင်၌ ရက်ရှည်လများ မျောပါသူ

လှိုင်းလေကြမ်းတမ်းသောပင်လယ်ပြင်တွင် မျောပါနေသူလူသားတစ်ဦးအဖို့ ရက်ရှည်လများမဆိုထားဘိ၊ နာရီပိုင်းမျှပင် အသက်ရှင်နိုင်ရန် အခွင့်အလမ်း များစွာနည်းပါးမည်ဖြစ်သည်။ သို့ရာတွင် ဂျပန်နိုင်ငံသား ကပ္ပတိန်အိုဂူရီဂျူကီချီနှင့် ၎င်း၏ငယ်သား သင်္ဘောသားအိုတိုကီချီတို့ နှစ်ဦးမှာမူ ပစိဖိတ်သမုဒ္ဒရာအတွင်း ရက်ပေါင်း ၄၈၄ ရက်ကြာ မျောပါနေခဲ့သော်လည်း အသက်မသေခဲ့ပေ။

၁၈၁၃ ခုနှစ် အောက်တိုဘာလက ဂျပန်ကမ်းရိုးတန်းအလွန်တွင် မုန်တိုင်းဒဏ်သင့်ပြီး သင်္ဘောပျက်ကာ ပင်လယ်တွင်း ရက်ရှည်လများ မျောပါရင်း နောက်ဆုံး၌ ကယ်တင်သူနှင့်တွေ့၍ သေကံမရောက်ခဲ့ကြခြင်းဖြစ်သည်။

လုပ်ကြံမှုနှင့်အများဆုံးကြုံရသူ

ယခင်ကျူးဘားနိုင်ငံ သမ္မတဖီဒယ်ကက်စထရို၏ သက်တော်စောင့်တစ်ဦးဖြစ်သူ ဖာဘီယန်အက်စ်ကာလန်တီ၏ ၂၀၀၆ ခုနှစ်အတွင်း ထုတ်ဖော်ပြောဆိုချက်အရ ကျူးဘားကွန်မြူနစ် ခေါင်းဆောင် သမ္မတဖီဒယ်ကက်စထရိုသည် လုပ်ကြံမှုအကြိမ်ပေါင်း ၆၃၈ ကြိမ် ကြုံတွေ့ခဲ့ရသည်ဟု ဆိုသည်။

ကြိုးဒဏ်သုံးကြိမ်ကျသော်လည်းမသေ

အကျဉ်းထောင်မှတ်တမ်းများအရ ကြိုးဒဏ်ကျသော်လည်း မသေသူအချို့ရှိကြောင်း ကြားဖူးနားဝရှိခဲ့ကြသော်လည်း ဩစတြေးလျနိုင်ငံသား ဂျိုးဇက်ဆမ်မြူယယ်ဆိုသူမှာမူ တစ်မူထူးခြားလှသည်။ အဘယ်ကြောင့်ဆိုသော် ဂျိုးဇက်ဆမ်မြူယယ်အား လူသတ်မှုဖြင့် ကြိုးဒဏ်ပေးရာ သုံးကြိမ်တိုင်တိုင်မသေ၍ သေဒဏ်ကိုပယ်ဖျက်ခဲ့ရသည်။ ၎င်းသည် ၁၈၀၃ ခုနှစ် စက်တင်ဘာ ၂၆ ရက်က ကြိုးဒဏ်ပေးခံခဲ့ရသည်။ ယင်းသို့ကြိုးပေးရာတွင် ကြိုးပြတ်သွား၍ အသက်မသေခဲ့။ ထို့ကြောင့် ဒုတိယအကြိမ် ကြိုးထပ်ပေးပြန်သည်။ ဒုတိယအကြိမ်တွင်လည်း ကြိုးကပြေလျော့သွားကာ ၎င်း၏ခြေထောက်နှင့် ကြမ်းပြင်ထိမိသွား၍ အသက်မသေဖြစ်ပြန်သည်။ ထို့ကြောင့် အသေအချာပြင်ဆင်၍ တတိယအကြိမ် ကြိုးဒဏ်ထပ်ပေးပြန်သည်။ တတိယအကြိမ်တွင်လည်း ပထမအကြိမ်ကဲ့သို့ ကြိုးကပြတ်ထွက်သွားပြန်သည်။ ထို့ကြောင့် သုံးချီ သုံးလားတိုင်တိုင် ကြိုးပေးသော်လည်း အသက်မသေခဲ့သူ ကိုသက်ပြင်းကို ထောင်အာဏာပိုင်များက ကြိုးဒဏ်မှ ပယ်ဖျက်ပေးခဲ့ရသည်။

ထို့အတူ ယူနိုက်တက်ကင်းဒမ်းနိုင်ငံမှ ဂျွန်လီးဆိုသူမှာလည်း ၁၈၈၅ ခုနှစ်က ယူကေနိုင်ငံ ဒေဗွန်မြို့၌ ကြိုးဒဏ်စီရင်ခံရသော်လည်း သုံးကြိမ်တိုင်တိုင် အသက်မသေ၍ ကြိုးဒဏ်မှ တစ်သက်တစ်ကျွန်းဒဏ်သို့ ပြောင်းလဲသတ်မှတ်ပေးခဲ့ရသည်။ ကြိုးဒဏ်သုံးကြိမ်ပေးခံရသည့်အနက် တစ်ကြိမ်တွင် အောက်ခံတံခါးကြမ်းပြင် ပွင့်မသွားခဲ့ဟုဆိုသည်။

အမှာစကား ပြောကြား

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၀၈ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

❁ **ရှေ့ဖုံးမှ**

ကာကွယ်ပေးနိုင်သည့် ပဋိပစ္စည်းများ ပါဝင်နေကြောင်း၊ မိခင်နို့ တစ်မျိုးတည်းသာ တိုက်ကျွေးခြင်းအားဖြင့် ကလေးငယ်များ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါနှင့် အဆုတ်ရောင်ရောဂါစသည့် ကူးစက်ရောဂါများ ကာကွယ်ပေးနိုင်ကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်း ရတနာများ ထွက်ပေါ်လာရေးကို သမိုင်းပေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများကပါ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ ကျန်းမာရေးနှင့် အာဟာရဌာန တာဝန်ခံ Dr.Osamu Kunii က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ ကျန်းမာရေးနှင့် အာဟာရဌာန တာဝန်ခံတို့က မိခင်နို့စနစ်တကျတိုက်ကျွေးသော အသိအမှတ်ပြု ဂုဏ်ပြုဆုရရှိသည့် ပြည်နယ်နှင့်တိုင်းများမှ မြို့နယ်ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ ဆေးရုံနှင့် မြို့နယ်များမှ တာဝန်ရှိသူများက လက်ခံယူကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက မိခင်နို့ စနစ်တကျတိုက်ကျွေးသော အသိအမှတ်ပြု ဂုဏ်ပြုဆုရရှိသည့် ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ်အသီးသီးတို့မှ အခြေခံကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ၏ ဆောင်ပုဒ်မှာ **"မိခင်နို့စနစ်တကျတိုက်ကျွေးဖို့ ဝိုင်းဝန်းကူညီပံ့ပိုးစို့"** ဖြစ်သည်။

(သတင်းစဉ်)

● **နေအပြည့်ကြတ်မှုမှ**

နိုဗိုဆီဘာ့ခ်မြို့သို့ ရောက်ရှိနေခဲ့ကြကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါ နေကြတ်ခြင်းဖြစ်စဉ်သည် ကနေဒါ အာတိတ်ဒေသမှ စတင်ခဲ့ပြီး ဆက်လက်၍ ဂရင်းလန်ကျွန်း၊ ဆိုက်ဘေးရီးယားအနောက်ပိုင်း၊ မွန်ဂိုလီးယားနှင့် တရုတ်နိုင်ငံတို့သို့ပါ ဖြတ်သန်းကျရောက်ခဲ့သည်။

နေကြတ်ချိန်တွင် နိုဗိုဆီဘာ့ခ်တိရစ္ဆာန်ရုံမှ ဝင်ရိုးစွန်းဝက်ဝံများနှင့် ကျားဖြူများမှာ ရုတ်တရက် အိပ်ရာဝင်ခဲ့ကြောင်း၊ နှင်းကျားသစ်တစ်ကောင်မှာမူ နေပြန်ထွက်လာချိန်အထိ လှောင်အိမ်ကိုပတ်ပြေးနေခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြထားသည်။

နာဆာမှ ထုတ်ပြန်ချက်အရ နောက်တစ်ကြိမ် နေအပြည့်ကြတ်မည့် ဖြစ်စဉ်သည် ၂၀၀၉ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ဖြစ်ပေါ်မည်ဖြစ်ပြီး အိန္ဒိယမှ စတင်ကာ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ မြန်မာ၊ တရုတ်နှင့် ပစိဖိတ်သမုဒ္ဒရာဒေသများသို့ ဖြတ်သန်းကျရောက်မည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

တစ်စိတ်တစ်ပိုင်း နေကြတ်မှုကို ကြည့်ရှုနေကြသည့် ဖင်လန်နိုင်ငံ ဟယ်လ်စင်ကီမြို့ရောက် ခရီးသွားဧည့်သည်များ။

(ဓာတ်ပုံ-ဆင်ဟွာ)

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးနှင့် ပဲဈေးကွက်

မူဆယ် ဩဂုတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ စိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန်ပစ္စည်းများကို နိုင်ငံခြားဈေးကွက်အတွင်း ဈေးကွက်ဝေစုရရန်အတွက် ပုံမှန်ကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေး စသည့်နည်းလမ်းအသွယ်သွယ်ဖြင့် အားသွန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသကုန်သွယ်ရေးများအနက် မြန်မာ-တရုတ်နယ်စပ် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ပဲ၊ ပြောင်း၊ နှမ်းစသော မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကောင်းရ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

သတင်းဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

ကျော်ကျော် (ပန်းမော်)

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် အခြေစိုက် နယ်စပ်ကုန်သွယ်မှုအတွက် ဆောင်ရွက်နေသော ပုဂ္ဂလိကလုပ်ငန်းကုမ္ပဏီများတည်ရှိသည့် တိုက်ခန်းများကို တွေ့ရစဉ်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး စီးပွားရေးဇုန်သို့ ဇူလိုင်လ ဒုတိယပတ်အတွင်း ပဲတီစိမ်း၊ ပြောင်းဖူး၊ ပဲရင်း၊ ပဲလွန်းဖြူ၊ နှမ်းတို့ဝင်ရောက်ပြီး ရောင်းအားကောင်းလျက်ရှိရာ ပြောင်းဖူးကီလို ၅၀ တစ်အိတ်လျှင် ရွှေလီဈေး ငွေကျပ်၁၂၀၀၀မှကျပ်၁၅၀၀၀ထိ ရရှိသည်။ ပဲတီစိမ်း စက်သန့်အရောင်တင်ပြီးသား တစ်တန်လျှင် ရွှေလီပေါက်ဈေး ငွေကျပ် ၉၂၀၀၀၀ ပတ်ဝန်းကျင်ထိ ရရှိပြီး စက်မသန့်ရသေးသော အညံ့တစ်တန်လျှင် ရွှေလီပေါက်ဈေး ငွေကျပ် ၈၀၀၀၀၀ ပတ်ဝန်းကျင် ရရှိကြောင်း၊ ပဲတီစိမ်းများမှာ ရန်ကုန်၊ ပဲခူး၊ ခရမ်း၊ မုံရွာ၊ ပခုက္ကူ၊ အောင်လံ၊ မန္တလေး၊ ပတ်ဝန်းကျင်များမှ အများဆုံးဝင်ပြီး တစ်နှစ်လျှင် တန်ချိန်သိန်းဂဏန်းအထက်ထိရောင်းအားကောင်းကြောင်း သိရသည်။

ပဲတီစိမ်းများ

ပဲတီစိမ်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ်၊ ဟူနန်ပြည်နယ်၊ ကွမ်ရှီးပြည်နယ်တို့မှ အများဆုံးဝယ်ယူပြီး တရုတ်နိုင်ငံတောင်ပိုင်းရှိ ကွမ်တုံပြည်နယ်မှလည်း တစ်ခါတစ်ရံ ဝယ်ယူလေ့ရှိကြောင်း သိရသည်။ စီချွမ်ပြည်နယ် တစ်ခုတည်းမှ တစ်ခါဝယ်လျှင် ကားအစီး ၃၀မှ ၄၀ ထိ ဝယ်ယူကြကြောင်း၊ ယခု စီချွမ်ပြည်နယ်တွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့မှုကြောင့် အရောင်းအဝယ် ယာယီအားဖြင့် အေးနေပြီး ဈေးနှုန်းလည်း တန့်နေကြောင်း၊ ပုံမှန်ပြန်လည်ကောင်းမွန်လာမည်ဆိုလျှင် ပဲတီစိမ်းဈေးနှုန်း ပြန်လည်မြင့်တက်လာနိုင်မည်ဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ပြောကြားကြသည်။

၂၀၀၅ ခုနှစ်က ပဲတီစိမ်း ရောင်းအား အကောင်းဆုံးအချိန်ဖြစ်ပြီး တစ်ရက်လျှင် ၃၅တန်ပါ ကားအစီး ၅၀မှ ၇၀အထိ ရောင်းအား ကောင်းခဲ့သည်ဟု ကုန်သည်တစ်ဦးက ပြောကြားသည်။ ယခုလပိုင်းတွင် ရောင်းအား အနည်းငယ်ကျခဲ့ရာ ကားအစီး ၂၀ဝင်လျှင် ငါးစီးခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် သဘာဝဘေးဒဏ်များကြောင့် ယခုလိုဖြစ်နေရခြင်း ဖြစ်ကြောင်း၊ အခြေအနေ တည်ငြိမ်သွားပြီဆိုလျှင် ပြန်လည်ဦးမော့လာမည်ဟု ယုံကြည်ကြကြောင်း သိရသည်။

တရုတ်နိုင်ငံ ပဲထွက်သည့်ဒေသသည် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် တည်ရှိသည့်အတွက် ပဲဝယ်ယူသည့်ဒေသများဖြစ်သည့် စီချွမ်၊ ဟူနန်၊ ကွမ်ရှီး၊ ကွမ်တုံ၊ ယူနန်ပြည်နယ်တို့နှင့် အလှမ်းကွာဝေး၍ သယ်ယူစရိတ်သက်သာသော မြန်မာနိုင်ငံမှ ပဲများကိုသာ အဓိကထား၍ ဝယ်ယူကြသည်။ ထိုဒေသများသည် ပူပြင်းသော ဒေသများဖြစ်သည့်အတွက် အပူခံ အစားအစာများအဖြစ် ပဲကို ပြုပြင်စားသုံးကြရာ ထိုဒေသများ၏ အပူဆုံးအချိန် စက်တင်ဘာနှင့် အောက်တိုဘာလများတွင် ရောင်းအားကောင်းနိုင်ကြောင်း သိရသည်။ ဩဂုတ်၊ စက်တင်ဘာလများတွင် ရှမ်းပြည်နယ်ထွက် ပဲပုပ်များ ထွက်ရှိလာမည်ဖြစ်ရာ ရောင်းအားကောင်းနိုင်ကြောင်းသိရသည်။ ပဲတီစိမ်းနှင့်အတူ ပဲယဉ်း၊ ပဲလွန်းဖြူ၊ နှမ်းများလည်း အရောင်းအဝယ် ဖြစ်နေကြောင်း၊နှမ်းတစ်ကီလိုကို ယမန်နှစ်ဈေးထက် ကျပ် ၂၅၀၀ခန့် တက်လာကြောင်း သိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသကုန်သွယ်ရေးနှင့် စီးပွားရေးဇုန်တွင် Normal Trade Company မှာ ခုနစ်ခုခန့်ရှိပြီး Border Trade Company မှာ ၁၀၀ ပတ်ဝန်းကျင်ခန့်ထိ ရှိကြောင်းသိရသည်။Normal Trade Company များသည် မိမိတို့ကုန်ပစ္စည်းများကို မိမိတို့ကိုယ်ပိုင် ရောင်းဝယ်ပို့ဆောင်ခြင်းဖြစ်ပြီးBorder Trade Company များမှာမူ ကုန်ပစ္စည်းအရောင်းအဝယ်လုပ်လိုသော ကုန်သည်များနှင့်ဆက်သွယ်၍ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ဒေသခံကုမ္ပဏီများဖြစ်ကြသည်။

ယခုဇူလိုင်လအတွင်း ပြည်တွင်းသို့ သွင်းကုန်ပစ္စည်းများမှာ အခွန်သက်သာသည့် ယူရီးယားဓာတ်မြေဩဇာများ အများဆုံး တင်သွင်းကြကြောင်း၊ဝယ်ယူရသည့်ဈေးနှုန်းမှာ ယခုနှစ်တွင် တစ်တန်လျှင် ဒေါ်လာ ၂၆၀ ရှိကြောင်း၊ ဖယောင်း၊မြေဆီများလည်းအော်ဒါရှိက တစ်ခါတရံ မှာယူတင်သွင်းကြောင်းဖြင့် ကွင်းဆင်းလေ့လာရေးသားဖော်ပြလိုက်ရပါသည်။

မြန်နှုန်းမြင့်ရထား

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ မြို့တော်ပေကျင်းမှ တီယန်ကျင်းသို့ ပြေးဆွဲသည့် ပထမဆုံး မြန်နှုန်းမြင့်ရထား ပေကျင်းတောင်ပိုင်းဘူတာမှ ထွက်ခွာလာသည်ကို ဩဂုတ် ၁ ရက်က တွေ့ရစဉ်။

(ကီလိုမီတာ၁၂၀ ကွာဝေးသည့် ယင်းခရီးစဉ်ကို ယခင်က မိနစ် ၇၀ ကြာ ခုတ်မောင်းခဲ့ရာမှ မြန်နှုန်းမြင့်ရထားဖြင့် မိနစ် ၃၀မျှသာ ခုတ်မောင်းရမည်ဖြစ်သည်။) ***(ဓာတ်ပုံ-ဆင်ဟွာ)***

✳ ကျောဖုံးမှ

အစည်းအဝေးခန်းမ၌ ကျင်းပရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ မာမွတ် အမာဒီနေဂျဒ် တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဖွင့်လှစ်ပေးသည်။ ယင်းဝန်ကြီးအဆင့် အစည်းအဝေးသို့ ဘက်မလိုက် လှုပ်ရှားမှု အဖွဲ့ဝင် ၁၁၅နိုင်ငံ၊ လေ့လာသူ ၁၅နိုင်ငံနှင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းရှစ်ခုတို့ တက်ရောက်ခဲ့ကြသည်။ ထို့အပြင် ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ၇၀ခန့်တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဝန်ကြီးအဆင့် အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီးဦးဉာဏ်ဝင်းသည် အာရှဒေသအုပ်စုအတွက် အစည်းအဝေး ဒုတိယသဘာပတိ ခုနစ်ဦးအနက် တစ်ဦးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၉ရက်တွင် ကျင်းပခဲ့သည့် အထွေထွေ မူဝါဒရေးရာ ဆွေးနွေးပွဲ၌ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ရာတွင် မြန်မာနိုင်ငံအနေဖြင့် ဘက်မလိုက်လှုပ်ရှားမှု၏ အခြေခံမူကြီးများဖြစ်သော နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာပိုင်မှုနှင့် နယ်မြေတည်တံ့မှုကို လေးစားရေး၊ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမပြုရေး၊ အငြင်းပွားမှု ပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မကျူးကျော်ရေး၊ ရန်ပြုခြိမ်းခြောက်ခြင်း (သို့မဟုတ်)အင်အားသုံးခြင်း မပြုရေးဟူသော မူကြီးများကို အစဉ်တစိုက်လေးစားလိုက်နာလျက်ရှိကြောင်းကို အလေးပေးပြောကြားခဲ့ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်မှုမရှိသည့်မည်သည့်ကိစ္စရပ်များကိုဖြစ်စေ၊ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ မည်သည့်အခြေအနေကိုဖြစ်စေ ဆွေးနွေးဆုံးဖြတ်ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ် ၂၄ကို ဆန့်ကျင်ရာရောက်ကြောင်း၊ နိုင်ငံရေးအရ ဖိအားပေးရန် ရည်ရွယ်ချက်ဖြင့် အဖွဲ့ဝင်နိုင်ငံများအပေါ် တစ်ဖက်သတ်ကုန်သွယ်ရေး၊ စီးပွားရေးကန့်သတ် ပိတ်ဆို့မှုများပြုလုပ်ခြင်းကို ရှုတ်ချကြောင်းနှင့် ဘက်မလိုက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယင်းသို့သော တစ်ဖက်သတ် ပိတ်ပင်ကန့်သတ်မှုများကို ဆောလျင်စွာ ရုပ်သိမ်းပေးစေရေးအတွက် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် ဝန်ကြီး ဦးဉာဏ်ဝင်းက ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများ၏ အကျိုးစီးပွားအတွက် အရေးကြီးသည့်ကိစ္စရပ်အချို့အပေါ် မြန်မာနိုင်ငံ၏

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မန်နူရှာမိုတာကီအား တွေ့ဆုံနှုတ်ဆက်စဉ်။ (နိုင်ငံခြားရေး)

သဘောထားအမြင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကိုလည်းကောင်း၊ ဆိုင်ကလုန်းနာဂစ်မုန်တိုင်းဒဏ်အား တုံ့ပြန်ရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း အကျဉ်းချုံးရှင်းလင်းပြောကြားခဲ့ပြီး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စကို နိုင်ငံရေးအရ ဆက်နွှယ်ထိုးနှက်မှု ပြုလုပ်လာခြင်းများ၊ အထူးသဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေတို့နှင့် ကိုက်ညီမှုလုံးဝမရှိသော "လူသားချင်းစာနာထောက်ထားရေးကို အကြောင်းပြု၍ ဝင်ရောက်စွက်ဖက်ပိုင်ခွင့်"ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ဆန့်ကျင်ပယ်ချခြင်းကို ထောက်ခံကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၈ရက်တွင် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းလိုက်ပါလျက် အီရန်အစ္စလာမ် မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မန်နူရှာမိုတာကီအား ၎င်း၏ရုံးသို့သွားရောက်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဝန်ကြီးသည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အိုဂွန်းအား လက်ခံတွေ့ဆုံခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇူလိုင် ၂၉ရက် ညပိုင်းတွင် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်း သည် ဝန်ကြီးအဆင့် အစည်းအဝေးကာလအတွင်း အိန္ဒိယ သမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရာနာ့ဗ်မူခါဂျီ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ဟတ်ဆန်ဝီရာယုဒ၊ တူရကီနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အလီဘာဘာဂျန်တို့အား သီးခြားစီ တွေ့ဆုံခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၃၀ရက်တွင် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာ စားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီးအဆင့် အစည်းအဝေးအပြီးတွင် အပြီးသတ်ကြေညာစာတမ်းကို အတည်ပြုချမှတ်ခဲ့သည်။ ယင်းကြေညာစာတမ်းတွင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များနှင့် အခြားသော ဖွံ့ဖြိုးရေး၊ လူမှုရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များအပေါ် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံများအကြား စေ့စပ်ညှိနှိုင်းထားသည့် ဘုံရပ်တည်ချက်များကို ဖော်ပြထားသည်။ ထို့အပြင် ဝန်ကြီးအဆင့် အစည်းအဝေးက ပါလက်စတိုင်းကိစ္စ၊ ဇင်ဘာဘွေကိစ္စနှင့် အီရန်နိုင်ငံ၏နျူကလီးယားကိစ္စ စသည့် ပြဿနာသုံးခုနှင့် စပ်လျဉ်း၍ကြေညာချက် တစ်ခုစီကိုလည်း ထုတ်ပြန်ခဲ့သည်။ အီရန် နျူကလီးယားကိစ္စဆိုင်ရာ ကြေညာချက်တွင် နိုင်ငံအားလုံးသည် နျူကလီးယားစွမ်းအင်ကို သက်ဆိုင်ရာ နိုင်ငံတကာဥပဒေများနှင့်အညီ ဘက်လိုက်ခွဲခြားမှုမရှိဘဲ ငြိမ်းချမ်းစွာ သုတေသနပြု ထုတ်လုပ်အသုံးပြုခွင့်ပြုရန် မူလအခြေခံ အခွင့်အရေးရှိသည် ဟူသောအချက်ကို ထပ်လောင်း အတည်ပြုခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်၊ ညွှန်ကြားရေးမှူး ဦးဟောက်ဒိုဆွမ်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဇော်မင်းအောင်တို့ ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၈-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၅	၄။	အတီးပြိုင်ပွဲ
၇း၅၀	၅။	ကဗျာပန်းဉယျာဉ်
၈း၀၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၅	၇။	တေးဂီတအစီအစဉ်
၈း၃၀	၈။	International News.
၈း၄၅	၉။	**"ကောင်းခြင်းဝေဖြာ" (ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး)[ဒါရိုက်တာ-ကိုအောင်မိုး (ပဲရစ်)]**
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၅၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်း သတင်းစဉ်
၁၂း၂၀	၅။	**Orchard Families.**
၁း၀၀	၆။	'ဆန်းကြယ်ထူးခြား ပြိုင်ပွဲများ" (Telematch)
၁း၄၀	၇။	တေးဂီတအစီအစဉ်
၁း၅၅	၈။	အဆိုပြိုင်ပွဲ
၂း၀၅	၉။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၂၀	၁၀။	တေးဂီတအစီအစဉ်
၂း၃၅	၁၁။	အကပြိုင်ပွဲ
၂း၄၅	၁၂။	International News.
၃း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အဆိုပြိုင်ပွဲ
၄း၂၀	၃။	ကြေးမုံရိပ်သွင်တေးနုယဉ်
၄း၃၅	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၄၅	၅။	တေးဂီတအစီအစဉ်
၅း၀၀	၆။	ချစ်စရာ့အရွယ် ကစားကြမယ်
၅း၂၀	၇။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၅း၃၅	၈။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	အလှရှာမယ် လှကမ္ဘာဝယ်
၆း၅၅	၁၂။	အကပြိုင်ပွဲ
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်' (အပိုင်း-၁၈)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၉)**
	၁၈။	အစီအစဉ်ပြီး၏။

ရှေ့နေချုပ်ရုံး၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁

ရှေ့နေချုပ်ရုံး၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး၌ ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယ ရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာ ထွန်းရှင်၊ ဦးမြင့်နိုင်နှင့် ဦးထွန်းထွန်းဦးတို့ ဦးဆောင်သော ရှေ့နေချုပ်ရုံး အရာထမ်း၊ အမှုထမ်း ၃၀၀ တို့သည် ရုံးအဝင် လမ်းဘေးဝဲ/ယာလမ်းတစ်လျှောက်၊ ရုံးပရိဝုဏ်အတွင်းနှင့် ကွက်လပ်ဖြည့် စိုက်ကွင်းတို့၌ စိန်ပန်း၊ကုက္ကို၊ တမာ၊ မဟော်ဂနီ၊ ပိတောက်နှင့် မန်ကျည်းပင် အပါအဝင် သစ်ပင်ပေါင်း ၁၅၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှေ့နေချုပ် ဦးအေးမောင် ရှေ့နေချုပ်ရုံး၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းပွဲကျင်းပ

ဖလင်SLRကင်မရာအဟောင်းများနှင့် နီကွန်ဒီဂျစ်တယ် SLR ကင်မရာများလဲလှယ်ဝယ်ယူနိုင်ရန် အခွင့်ထူးနှင့်ပတ်သက်၍ရှင်းလင်းပွဲကျင်းပစဉ်။ (သတင်းစဉ်)

ဖလင် SLR ကင်မရာအဟောင်းများနှင့် နီကွန်ဒီဂျစ်တယ် SLR ကင်မရာများလဲလှယ်ရောင်းချခြင်း အထူးအစီအစဉ်

ရန်ကုန် ဩဂုတ် ၁

Nikon ကော်ပိုရေးရှင်းမှ မြန်မာနိုင်ငံရှိ ဓာတ်ပုံဝါသနာရှင်များ၊ ဓာတ်ပုံပညာရှင်များအတွက် မိုးရာသီ အထူးအစီအစဉ်အနေဖြင့် ဖလင် SLR ကင်မရာအဟောင်းများကို နီကွန်၏ နောက်ဆုံးပေါ် ဒီဂျစ်တယ် SLR ကင်မရာများနှင့် လဲလှယ်ဝယ်ယူနိုင်ရန် အခွင့်ထူးကို ယနေ့တွင် ရန်ကုန်မြို့ Thiripyitsayar Sky Lounge (Sakura Tower) ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် Nikon ၏ မြန်မာနိုင်ငံကိုယ်စားလှယ်ဖြစ်သော Special Style Photo & Electronics မှ နီကွန်၏ ခံယူချက်ဖြစ်သော ဓာတ်ပုံပညာ တိုးတက်မြင့်မားရေးအတွက် အကောင်းဆုံး နောက်ဆုံးပေါ် နည်းပညာဖြင့် ထုတ်လုပ်ထားသည့် Nikon Digital ကင်မရာများကို မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင်များ စျေးနှုန်းအသက်သာဆုံးဝယ်ယူနိုင်ရန် လက်ရှိသုံးစွဲနေသော ဖလင် SLR ကင်မရာအဟောင်းများကို စျေးကောင်းပေးပြီး Nikon Digital SLR ဖြစ်သော D40kit နှင့် အထူးစျေးနှုန်း သတ်မှတ်ကာ လဲလှယ်ပေးမည့် အစီအစဉ်အသေးစိတ်ကို ရှင်းလင်းပြောကြားသည်။

အသိပေးပြောကြား

အထူးအစီအစဉ် ကာလအနေဖြင့် ဩဂုတ် ၃ရက်မှ ၂၀ရက်အတွင်း ဖလင် SLR ကင်မရာအဟောင်းများကို တံဆိပ်အမျိုးအစားအလိုက် ငွေကျပ် ၁၀၀၀၀မှ ၃၅၀၀၀အထိ စျေးနှုန်းသတ်မှတ်ပြီး Nikon Digital SLR D40kit ကင်မရာကို အထူးစျေးနှုန်းဖြင့် အရောင်းကိုယ်စားလှယ်ဆိုင်များတွင် လဲလှယ်ဝယ်ယူနိုင်ကြောင်းနှင့် ပစ္စည်းအရေအတွက် အကန့်အသတ်ရှိကြောင်း သိရှိရသည်။ ထို့အပြင် ဝယ်ယူသူများ စိတ်ချမ်းသာစေရန်နှင့် ပစ္စည်းအရည်အသွေးမှန် ရရှိစေရန် အာမခံချက်ရှိသော (1 Year Warranty Logo) အား ကင်မရာဘူးခွံများပေါ်တွင် ကပ်ထားပေးပြီး ကင်မရာဘူးအတွင်းတွင်လည်း Nikon Corporation မှ မူရင်းအာမခံကတ်ပြားပါရှိသော ပစ္စည်းများကိုသာ ဝယ်ယူအားပေးပါရန်နှင့် ဝယ်ယူသူများအား သတိပြုနိုင်ရန် အသိပေးပြောကြားသွားသည်။

ဆက်သွယ်နိုင်

Nikon ကင်မရာပြုပြင်ထိန်းသိမ်းမှုအတွက် Nikon Service Center အမှတ် (W-1)၊ ဂျိုးဖြူလမ်း၊ အောင်ဆန်းကွင်းအနောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၆၉၃၅၊ ၄၄၁၂၆၀၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ သမဝါယမနှင့် အားကစားဝန်ကြီးဌာနတို့နိုင်

နေပြည်တော် ဩဂုတ် ၁

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ကွင်းနှင့် နေပြည်တော် ပျဉ်းမနားပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးကွင်းတွင် (ဃ)အုပ်စုမှ သမဝါယမဝန်ကြီးဌာန ဘောလုံးအသင်းက အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဘောလုံးအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊နေပြည်တော်ပျဉ်းမနားပေါင်းလောင်း ဘောလုံးကွင်း၌ (ဃ) အုပ်စုမှ အားကစား ဝန်ကြီးဌာန ဘောလုံးအသင်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဘောလုံးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲသို့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် ကြည့်ရှုအားပေးကြသည်။

၂-၈-၂၀၀၈
(နေပြည်တော်ကွင်း)
(င)အုပ်စု
ဘဏ္ဍာ/အခွန်နှင့်ကျန်းမာရေး
(ပေါင်းလောင်းကွင်း)
(င)အုပ်စု - သာသနာရေးနှင့် လယ်ယာ/ဆည်မြောင်း

(၁၀၇)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၈-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၅ ၄။ ကျန်းမာသုတ
၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ် ကရုပ်ရှင် "ကမ္ဘာဆုံးအထိ" (ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်)**
၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၂၅ ၆။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ပျော်ရွှင်ပါစေ" (အပိုင်း-၄၉)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လူရွှင်တော်ရွှေဖလား
၂၀။ English Usage
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ Emirates Cup-2008 ဘောလုံးပွဲ -Arsenal Vs Juventus (live)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲ

ရန်ကုန် ဩဂုတ် ၁

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တို့က ကြီးမှူး၍ အကြိမ်(၄၀) မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲနှင့် ၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲတို့ကို စက်တင်ဘာ ၁၃ရက်မှ ၁၅ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်ခွင့်ရှိ

အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲသို့ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က သတ်မှတ်ထားသည့် တတိယတန်းအဆင့်ရှိ အားကစားသမားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး မြန်မာ့လက်ရွေးစင်များ၊ လက်ရွေးစင် ဖြစ်ဖူးသူများနှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က သတ်မှတ်ပြဋ္ဌာန်းထားသည့် တတိယတန်းအဆင့် (စံ)စံချိန်ကို ကျော်လွန်ပြီး ဒုတိယတန်းအဆင့်နှင့် ပထမတန်းအဆင့်တို့သို့ ရောက်ရှိနေကြသည့် အားကစားသမားများသည် ၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

ပြိုင်ပွဲဝင် အမည်စာရင်းများကို စက်တင်ဘာ ၁ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်သို့ အရောက်ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ (အောင်ဆန်း အားကစားပြိုင်ဝင်း) ဖုန်း-၀၁-၃၈၈၁၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

သီတဂူဆရာတော် အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် (ကြေးသွန်းဘုရားကြီးရှေ့) ကြားတောရလမ်းရှိ မင်္ဂလာဈေး မဏ္ဍပ်၌ ဩဂုတ် ၅ရက် (အင်္ဂါနေ့) ည ၇နာရီတွင် သီတဂူဆရာတော် ဒေါက်တာ အရှင် ဉာဏိဿရ [အဂ္ဂမဟာပဏ္ဍိတ (D.Litt) (Ph.D)] သည် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်၍ မည်သူမဆို တရားနာယူနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

သင်္ဃန်းကျွန်းမြို့နယ်သုမင်္ဂလာလမ်းနေ ဦးကြည်မောင်-ဒေါ်အေးမြင့်(ထွန်းမိသားစု သစ်နှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) မှ မကွေးမြို့နယ် နေ့စဉ်သံဃာ့ဒါန ဆွမ်းလောင်းအသင်းသို့ ဆွမ်းပဒေသာပင် တတိယအကြိမ် ငွေကျပ် ခြောက်သိန်းထပ်မံလှူဒါန်းရာ စုစုပေါင်း ၁၉ သိန်းကို အသင်းဥက္ကဋ္ဌ ဦးသိုက်ထွန်းနှင့် ဦးလှဆန်းတို့လက်ခံစဉ်။ (ကြေးမုံ)

ပြည်သူ့ထံမှ ပေးစာ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၈)ရပ်ကွက် ကံ့ကော်မြိုင်လမ်းရှိ ရေစီးမြောင်း၊ ရေနုတ်မြောင်းများမှာ တောက်လျှောက် ပိတ်ဆို့နေပါ၍ မိုးအနည်းငယ်ရွာသည်နှင့်ပင် တစ်လမ်းလုံး ရေများဖုံးသွားပြီး အိမ်ထဲအထိပင် ရေများဝင်ပါသည်။

သို့ဖြစ်ပါ၍ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကံ့ကော်မြိုင်သား

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ လသာမြို့နယ် အထက(၂)လသာကျောင်းနှင့် ဦးနှောက်နှင့် အာရုံကြောဆေးရုံတို့၏မျက်နှာစာ ဗိုလ်ချုပ်လမ်းမပေါ်တွင် ခွေးလေခွေးလွင့်များ ပေါများလျက်ရှိရာ ကျောင်းကြိုကားများကြားတွင် သွားလာနေပါသဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားလာနေကြသော လူနာများအတွက် အန္တရာယ်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ခွေးလေခွေးလွင့်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **မိဘတစ်ဦး**

ရွာလယ်မှ ယမကာဆိုင် သန်းခေါင်တိုင်ဆူညံ

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် စစ်ရင်ကျေးရွာ ရွာလယ်ကုန်းပေါ်ရှိ ဇီဒီယို၊ ကာရာအိုကေ၊ ယမကာဆိုင်တစ်ဆိုင်သည် ညစဉ် ညတိုင်း အသံချဲ့စက် အသုံးပြု၍ ဆူညံစွာ ဖွင့်လှစ်ပြသ၊ သီဆို၊ ရောင်းချလျက်ရှိရာ ယင်းဆူညံမှုကြောင့် ကျေးရွာသူ၊ ရွာသားများ အိပ်ရေးပျက်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ယမကာဆိုင်အား စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကျေးရွာသူ၊ ရွာသားများ

ကော်ဇော်နံ့၊ ဆေးနံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းရှင့်-

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်(၈)ရပ်ကွက် မဟာဗောဓိလမ်းတွင် ကားဘန်ဘာ ပုံဖော်ပြုပြင်သည့်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ဆေးနံ့၊ ကော်ဇော်နံ့၊ အမှုန်အနံ့ဆိုးများ ထွက်ပေါ်ပျံ့နှံ့နေသောကြောင့် လမ်းသွားလမ်းလာများနှင့် အနီးပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကားဘန်ဘာ ပုံဖော်ပြုပြင်ခြင်းလုပ်ငန်းကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူများ

ဈေးအိမ်သာ သန့်ရှင်းစေချင်

စာတည်းခင်ဗျား-

ကျိုက်လတ်မြို့ မြို့မဈေးကြီးအတွင်းရှိ ဈေးအိမ်သာဝင်ကြေး ကျပ် ၁၀၀ ပေးရသော်လည်း အိမ်သာအတွင်းဘက်တွင် အညစ်အကြေးများဖြင့် သန့်ရှင်းမှုမရှိပါ။

သို့ဖြစ်ပါ၍ ကျိုက်လတ်မြို့မဈေးအိမ်သာ သန့်ရှင်းမှုရှိစေရေး ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူ၊ ဈေးသားများ

အင်ဂျင်စက်သံဆူညံမှု ရှင်းလင်းပြီး

၂၇-၄-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက် မန်းဘခိုင်လမ်းရှိ ဆိုင်တစ်ဆိုင်၏ မီးစက်ကြောင့် **အင်ဂျင်စက်သံဆူညံ ပတ်ဝန်းကျင်နားမခံသာ** ပေးစာနှင့်စပ်လျဉ်း၍ ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

သံပြားဖောက်သံ၊ ထုသံ ရှင်းလင်းဆောင်ရွက်ပြီးစီး

၂၇-၄-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ၂၀ ရပ်ကွက် လှိုင်စပယ်လမ်းမှ **သံပြားဖောက်သံ၊ ထုသံဆူညံ** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

အသားကင်ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက် ဗိုလ်တထောင်ဘုရားလမ်းအလယ် လူသွားလမ်းစင်္ကြံပေါ်တွင် အသားကင်များပြုလုပ်ရောင်းချလျက်ရှိရာ အသားစိမ်းကင်အနံ့ဆိုးနှင့် မီးခိုးငွေ့များကို ပတ်ဝန်းကျင်နေသူများ နေ့စဉ်ရှူရှိုက်နေရ၍ ကျန်းမာရေးထိခိုက်စေသောကြောင့် ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

အမျိုးသမီးဆောင် အိမ်သာသန့်ရှင်းမှုရှိရေး ကြပ်မတ်ပေးပါ

စာတည်းရှင့်-

မကွေးမြို့ ကန်သာရပ် မေတ္တာလမ်းရှိ အမျိုးသမီးသီးသန့် ဘော်ဒါဆောင်တစ်ခုတွင် အဆောင်လေးလုံးရှိပြီး အဝေးသင် တက်ရောက်သူ နှစ်စဉ်ပျမ်းမျှ ၁၀၀ ခန့် တည်းခိုနေထိုင်ကြပါသည်။

အဆိုပါ ဘော်ဒါဆောင်ရှိ အိမ်သာခြောက်လုံးမှာ သန့်ရှင်းမှုမရှိပါသဖြင့် အသုံးပြုကြသူများ ကျန်းမာရေး ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆောင်နေသူများနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မေတ္တာလမ်းသူများ

ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲနှင့် Japan Cup တံခွန်စိုက်ဂျူဒိုပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ ၂၀၀၈ ခုနှစ် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲနှင့် Japan Cup တံခွန်စိုက်ဂျူဒိုပြိုင်ပွဲကို စက်တင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ(က)အဆင့် သတ်မှတ်ထားသူများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပါ။ Japan Cup ဂျူဒိုပြိုင်ပွဲတွင်မည်သည့် ဂျူဒိုအားကစားသမားမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲဝင်ပုံစံများကို ဩဂုတ် ၂၅ ရက်အရောက် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲ၏ အသေးစိတ်အချက်များကို သိရှိလိုပါက ဦးတင်မောင်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ ဦးစီးဌာန)၊ (အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်) ဖုန်း - ၃၈၀၇၇၂၊ ၀၉၅၀၆ ၀၅၁၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။

(ဂျူဒိုအဖွဲ့ချုပ်)

ဆရာဝန်အသင်း ဆေးပညာ စာပေးစာယူသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME)က ကြီးမှူး၍ အနယ်နယ် အရပ်ရပ်မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် "Public Health, Family Medicine and Research (2008)" စာပေးစာယူသင်တန်းကိုဩဂုတ် ၁ ရက်မှစက်တင်ဘာ ၃၀ ရက် အထိ သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များသည် ဩဂုတ် ၁ ရက်မှ ၂၀ ရက်အထိ ရုံးချိန်အတွင်း အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းရုံး ရုံးအဖွဲ့မှူး ဖုန်း-၃၇၈၈၆၃၊ ၃၈၀၈၉၉၊ ၃၉၄၁၄၁ တို့သို့ ဆက်သွယ် စာရင်းသွင်းပြီး သင်တန်း တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

မြန်မာနိုင်ငံအလယ်ပိုင်း၌ မိုးပိုလာနိုင်

ရန်ကုန် ဩဂုတ် ၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းကစစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရှမ်းပြည်နယ်တွင်ဒေသအလိုက်နှင့်ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင်နေရာကွက်၍မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နောင်ချိုမြို့တွင် ၄ ဒသမ ၃၇ လက်မ၊ ကိုကိုးကျွန်းမြို့နှင့် မိုင်းဆတ်မြို့တွင် ၄ ဒသမ ၁၇ လက်မစီ၊ မြိတ်မြို့တွင် ၃ ဒသမ ၃၈ လက်မ၊ သီပေါမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ထားဝယ်မြို့ တွင် ၁ ဒသမ ၇၃ လက်မ၊ ပုသိမ်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကန့်ဘလူမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ မိုးကုတ်မြို့တွင် ၀ ဒသမ ၇၅ လက်မနှင့် ချောက်မြို့တွင် ၀ ဒသမ ၇၁ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၂ ရက် ညနေထိ ခန့်မှန်းချက် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင်ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

၂၀၀၈ ခုနှစ် ဩဂုတ်လ ပထမ ရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက် ။ ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၃၀ ဒသမ ၀ ဒီဂရီစင်တီဂရိတ်	(၈၆ ဒီဂရီဖာရင်ဟိုက်)	၃၁-၇-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်	(၇၂ ဒီဂရီဖာရင်ဟိုက်)	၁-၈-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ		၈၄ ရာခိုင်နှုန်း	၁-၈-၂၀၀၈
နေပူသည့်နာရီပေါင်း		၃ ဒသမ ၀ နာရီခန့်	၃၁-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁-၈-၂၀၀၈	Tr	မရှိပါ	Tr
၁-၁-၂၀၀၈မှ	၁၅၈၉ မမ	၁၈၃၂ မမ	၂၂၁၈ မမ
ယနေ့အထိ	(၆၂ဒသမ၅၆လက်မ)	(၇၂ဒသမ၁၂လက်မ)	(၈၇ဒသမ၃၂လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံး လေတိုက်နှုန်းမှာ ၁-၈-၂၀၀၈ ရက် ၀၃း၃၀ နာရီတွင် အနောက်ဘက်မှ တစ်နာရီ (၁၀)မိုင်နှုန်း တိုက်ခတ်သည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ (၆)ဘာသာ(၁)ဦး၊ (၅)ဘာသာ(၁)ဦး၊ (၄)ဘာသာ(၂)ဦး၊ (၃)ဘာသာ(၃)ဦး မွေးထုတ်ပေးခဲ့သော

OVC

ဆရာပိုင်(ပိုင်သချ်ာ)ဦးစီးသော

၁၀-တန်းဘာသာစုံစာသင်ဝိုင်း

ဂုဏ်ထူး ဦးသိန်းနိုင် ဆရာကြီးများ

ဂုဏ်ထူး ဦးအောင်နိုင် ကိုယ်တိုင်

ဒေါက်တာ ဇီဝ သင်ကြားမည်။

၁၆၅၊ ဆိပ်ကမ်းသာ(လယ်)လမ်း၊ ရန်ကုန်။

ကွန်ပျူတာ/နည်းပညာ ဝင်ခွင့်သင်တန်း

အင်္ဂလိပ်စာ၊ သချ်ာ

သင်တန်းဘာသာရပ်များကို နည်းပညာတက္ကသိုလ်မှ အငြိမ်းစားဆရာများကိုယ်တိုင် သင်ကြားမည်။

လိပ်စာ Value Star Training Course တိုက်(၅)၊ ခန်း (C-3) ဒု-ထပ် ဦးထွန်းလင်းခြံလမ်း၊ လှည်းတမ်းမှတ်တိုင် အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

Ph 09 51 93757, 09 51 19073

Augst 4th စမည်

သစ်တော သစ်ပင်

ဒို့ ချစ်ခင်

အစဉ်စိုက်ပျိုး

အလှတိုး

ပြင်ဆင်ဖတ်ရှုပါရန်

၁-၈-၂၀၀၈ ရက် ကြေးမုံသတင်းစာ စာမျက်နှာ-၁၂ ပါ ၁၉၈၄-၉၄ ပညာသင်နှစ် မန္တလေးဆေးတက္ကသိုလ်ဝင် ကျောင်းသား/ကျောင်းသူဟောင်းများ (၂၅)နှစ်ပြည့် ငွေရတုအာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကြော်ငြာတွင် ဒေါက်တာဝေဝေရင် - ၀၁-၆၅၃၃၅၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

လက်ထပ်ပြီးစီးခြင်း
မင်္ဂလာညဉ့်ခံပွဲကျေးဇူးတင်လွှာ

ပြည်မြို့၊ ရွှေဟသ်ာ၊ တိုက်(၁၂)၊ အခန်း (၄)နေ
(ဦးကျော်စိန် - ဒေါ်ခင်ညွန့်) တို့၏သားထွေး

မောင်အေးကြူ B.E (MECHANICAL)
M.Sc.(ICM, NTU S'pore)
Graduate Diploma (CM, NTU S'pore)
Specialist Dip . (Industrial Engineering , S'pore)
HOD PMT Dept. (Rotary Engineering Indonesia)

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ အိမ်အမှတ် (၁၈၃)နေ
ဦးအောင်ရီ (Senior Engineer ခေတ္တ Fiji) - ဒေါ်ခင်ခင်ဥ (ခေတ္တ Fiji)
တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာခင်သန္တာအောင် M.B.,B.S (Ygn)
Research Executive
(Tan Tock Seng Hospital, S'pore)

တို့သည် မိဘများ၏သဘောတူခွင့်ပြုချက်ဖြင့် ၂၁-၆-၂၀၀၈ ရက်တွင် Singapore နိုင်ငံ Peninsula Excelsior Hotel ၌ တရားသူကြီး Mr. Lim Joo Kwan ရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီးစီး၍ Peninsula Excelsior Hotel Grand Ball Room ၌ ကျင်းပသော မင်္ဂလာညဉ့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် လုပ်ဖော်ကိုင်ဖက်များကို အထူးကျေးဇူးတင်ရှိပါကြောင်း။

မောင်အေးကြူ - ဒေါက်တာခင်သန္တာအောင်

ဦးပါ စက်မှုလုပ်ငန်း

၁၉၄၈ ခုနှစ်မှ စတင်၍ တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံရှိ အင်ဂျင်ပိုင်းဆိုင်ရာ ပြုပြင်ခြင်းလုပ်ငန်းများတွင် ဆရာကြီးတစ်ဆူဖြစ်ခဲ့သော ဦးပါ၏

ဦးပါ စက်မှုလုပ်ငန်း

၁၆၈ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်

ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၇၂၈၀၁၉၊ ၀၉၉၉ - ၂၆၈၉၂ မှ

ယနေ့ထိတိုင် စဉ်ဆက်မပြတ် အားပေးလျက်ရှိသော အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်အားပေးကြပါရန်နှင့် မိတ်ဆွေသစ်များအားလည်း ဖိတ်ခေါ်ကြိုဆိုအပ်ပါသည်။

- မီးရထား အင်ဂျင်ကြီးများ
- ရေနံတွင်းတူးစက် အင်ဂျင်အမျိုးမျိုး
- ဆောက်လုပ်ရေးလုပ်ငန်းသုံး ယန္တရားအင်ဂျင်ကြီးများ
- ဆိပ်ကမ်းနှင့်အခြားလုပ်ငန်းသုံး ဝန်ချီစက်အင်ဂျင်များ
- မော်တော်ယာဉ် အမျိုးမျိုး၏ အင်ဂျင်ပိုင်းဆိုင်ရာ ပြုပြင်ခြင်း
- သင်္ဘော၊ စက်လှေ စသည့် စက်တပ်ရေယာဉ် အမျိုးမျိုး၏ အင်ဂျင်ပိုင်းဆိုင်ရာပြုပြင်ခြင်း
- ဆန်စက်၊ သစ်စက်၊ မီးစက် စသည့် စက်မှုလုပ်ငန်းသုံး အင်ဂျင်အမျိုးမျိုး ပြုပြင်ခြင်း

အစရှိသည့် အင်ဂျင်ပိုင်းဆိုင်ရာ အခက်အခဲမျိုးစုံကို Denmark နိုင်ငံလုပ်စက်ကြီးများဖြင့် ကျွမ်းကျင်သူများမှ မိတ်ဆွေတို့၏ စိတ်တိုင်းကျ၊ အကောင်းဆုံးနှင့် ရက်ချိန်းမှန်ပြုပြင်ခြင်း၊ အကြံပြုခြင်းများကို ဆောင်ရွက်ပေးနေပါသည်။

စေတနာစာပေ
ဆုမြတ်မွန်မွန်
မန္တလေးသား

စီစဉ်သူ ... မောင်ကျော်လှိုင်
တက္ကသိုလ်တင်ဖြင့်
သံသယတွက်ကိန်း

နေနွယ်ဇင်မြင့်
အဓိမ္ပဲ့သား
[အဆိုတော်မင်းသားတစ်ယောက်ရဲ့ဇာတ်လမ်း]

(၁၄)နှစ်မြောက် နှစ်ပတ်လည်ဆုမွန်ဏ္ဍာ

၂-၈-၂၀၀၈ ရက်နေ့တွင်ကျရောက်သော (Han Sein Thant Trading Co.,Ltd.)၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် (Han Sein Thant Trading Co.,Ltd.)မှ (Pumps and Valves) များအား ဝယ်ယူသုံးစွဲအားပေးချီးမြှင့်ကြသော မိတ်ဆွေအပေါင်း ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြစေရန် ဆုတောင်း မေတ္တာ ပို့သအပ်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ
(Han Sein Thant Trading Co.,Ltd.)

စိန် မှတ်နိုးကြိုက်နှစ်သက်သူ .. မိတ်ဟောင်း .. မိတ်သစ်အားလုံးအတွက်

DIAMOND LAND စိန်အရောင်းပြခန်း ကို

မွမ်းမံပြင်ဆင်ပြီးစီးပြီဖြစ်ပါ၍ ၂-၈-၂၀၀၈မှစ၍ ပုံမှန် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ပါကြောင်း-
Customer Focus ကို အထူးအလေးပေးဆောင်ရွက်ပြီး ဝယ်ယူသူ စိတ်ကျေနပ်မှု အပြည့်အဝရရှိစေရန် ဝန်ဆောင်မှုပေးလျက်
- Certificate စိန်များ
- အရည်အသွေးမြင့်စိန်များ
- ခေတ်မီသော စက်ဒီဇိုင်းများဖြင့် အရွယ်စုံစိန်များကို အရည်အသွေး Quality နှင့်

ဈေးနှုန်းမှန်ကန်စွာ ရောင်းချပေးလျက်ရှိပါကြောင်း။

ကျေးဇူးတင်စွာဖြင့်
ဒေါက်တာခင်မောင်ဝင်း + ဒေါက်တာဝေဝေ

အမှတ် ၅၀၊ အရှေ့ဘက်ဆိုင်ခန်း၊ အရှေ့ဘက်တန်း၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။
253220; 526184; 501083; 240966 Ex-669. 09.5016670; 09.9922707.

မင်းသိခ် ထွက်ပြီ

ယီချင်းကတ်နှင့်အသုံးပြုနည်း

စာမူခွင့်ပြုချက်အမှတ် ၄၀၀၄၅၅၀၄၀၈

ဖြန့်ချိရာဌာန – ပြူးပန်းတစ်ရာစာပေ၊ အမှတ်(၁၅၆)၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၂၅၂၅၃၈၊ ၂၄၅၃၆၀

ကမ္ဘာကျော် လက္ခဏာဆရာကြီးကိုင်ရို့က သူ့လို ပေါက်ပြောက်ချင်လျှင် တရုတ်ယီချင်း ပညာကို လိုက်စားပါဟု ကျွန်ုပ်အား အိပ်မက်ထဲမှာ ညွှန်ကြားခဲ့သျှ၏။ ကျွန်ုပ်လည်း အရှုအမူ လိုက်စားခဲ့၏။ မင်းသိခ်ဟု ဖြစ်လာသည်မှာ ယီချင်းပညာကြောင့်သာ ဖြစ်လေတော့၏။

သဝွေသတ္တာကမ္ဘာသက္ကာ
မင်းသိခ်

ယီချင်းပညာနဲ့ ဆေးကုလို့ရတယ်၊ စစ်တိုက်လို့ရတယ်၊ သူဌေးဖြစ်အောင် လုပ်လို့ရတယ်။ ဗေဒင်ဟောလို့ ရတယ်၊ အားလုံး လုပ်လို့ရတယ်။ အင်မတန် ခက်ခဲနက်နဲလှတဲ့ပညာကို လူတိုင်းဟောလို့ရအောင် စီစဉ်ပေးလိုက်တာပါ။ သင်ကိုယ်တိုင် သင်သိချင်တာတွေလည်း မေးလို့ရတယ်၊ သူများကိုလည်း ဟောလို့ရမယ်။

သင့်လုပ်ရမှာက ယီချင်းကတ်လေးကို သိဖို့တင် အသက်သွင်းရမယ်။ အဲဒါဆိုရင် သင် မေးချင်တာတွေကို မေးလို့ရပြီ။ ယီချင်းကတ်လေးတွေက သင်သိချင်တဲ့ မေးချင်တဲ့ တိကျတဲ့ အဖြေတွေကို သင့်ကို ပေးလိမ့်မယ်။

The VOICE Weekly — Vol.4, No. 41 — ထွက်ပြီ

- ကွယ်လွန်မယ့်နှစ်ကို ကိုယ်တိုင်ဟောပြီး သက်သေထူလိုက်တဲ့ မင်းသိခ်၊
- ဂျိမ်းစ်ဘွန်းသရုပ်ဆောင်ရဲ့လေဘောသင့်မြန်မာရေလုပ်ငန်းအတွက်အလှူ၊
- တရားမဝင်ဆန်ပို့ရင် ထောင်ဒဏ်နဲ့တွဲလျက် ချမှတ်မယ့်အပြစ်ဒဏ်၊
- ရန်ကုန်တိုင်းအတွင်းက တရားဝင်ဆိုင်ကယ်စီးခွင့်ပြုလိုက်တဲ့မြို့နယ်တွေ၊
- ပထမဦးဆုံးအကြိမ် ဈေးပြိုင်ရောင်းမယ့် ရွှေတိဂုံကိုလှူတဲ့ မြေနဲ့တိုက်အိမ်၊
- ဒီလအတွင်းကျင်းပမယ့် ပညာရေးဆွေးနွေးပွဲတွေ၊
- ရွှေတိဂုံရဲ့ပဋ္ဌာန်းပွဲ
- လှန့်လုံးခြောက်လုံးတွေနဲ့ ယာယီဈေးမြင့်သွားတဲ့ကားတွေ ပြန်ကျပြီ၊
- မြန်မာ့သိုင်းပြိုင်ပွဲကို စိတ်ဝင်စားတဲ့ပြင်သစ်လူမျိုးတွေ၊
- ပြည်ပဝယ်လက်က တန်ဖိုးသန်းချီဝယ်လိုတဲ့ မြန်မာသီးနှံတစ်မျိုး၊
- မန္တလေးမြို့တော်မှာ ချထားပေးပြီးတဲ့ မိုဘိုင်းလ်ဖုန်းအရေအတွက်၊
- ဌာနေကို ရုပ်အလောင်းပြန်သယ်ချင်သူတွေအတွက် အခမဲ့ကူညီပေးမယ့်အဖွဲ့၊
- ကမ်းရိုးတန်းဖုန်းကို Handset ပြောင်းမလား၊
- သိသင့်သိထိုက်တဲ့သတင်းတွေ မထိမ်မဝှက်ထုတ်ပြန်ဖို့ တရုတ်အစိုးရပြော၊
- အတိတ်ကိုချန်ပြီး ပစ္စုပ္ပန်ကိုရင်ဆိုင်နေတဲ့ အာဆီယံ၊

Yangon Buses

ရန်ကုန်ခရီးသွားဂျာနယ် (YANGON BUSES)

မထသ (ရန်ကုန်တိုင်း) မှ ရန်ကုန်ခရီးသွားဂျာနယ် YANGON BUSES အား ၂၀၀၈ ခုနှစ် ဇက်တင်ဘာလ ၁ ရက်နေ့တွင် ထွက်ပြီး လစဉ်ထုတ်ဝေဖြန့်ချိမည်။

ရန်ကုန်ခရီးသွားလုပ်ငန်း၏ အရည်အသွေးကို မြှင့်တင်ရန် ကဗျာဆရာကြီး ဒေါက်တာထိလာစစ်သူ၊ မောင်ဆုရှင်၊ ဦးအောင်မွန်၊ ဘိုးလှိုင်၊ ပီကျော်ဟန်၊ မောင်သွေးသစ်၊ တက္ကသိုလ် မောင်အောင်ဆွေ၊ သုရဇော်၊ လမင်းအိမ်၊ မောင်သက်ကြူ၊ ကောင်းသန့်၊ စိုးလွင်ဦး၊ စိုးမြင့်ဦး၊ စိုးမြင့်သိန်း၊ ခင်မြန်မာ၊ ရှင်စိုးမိုး၊ ပါရမီရှင်-အောင်သန်း (ဒလ) စသော ဝါရင့်ကလောင် လက်ရာစုံစုံ၊ အတွေးအမြင်စုံစုံ ပါရှိသည်။

ဝတ္ထု၊ ဆောင်းပါး၊ သတင်း၊ စာမူများပေးပို့ရန်နှင့် ကြော်ငြာထည့်သွင်းလိုပါက **ရန်ကုန်ခရီးသွားဂျာနယ်၊** အမှတ် ၄၇၄၊ သိမ်ဖြူလမ်း၊ ဖို့မြေရပ်ကွက်၊ ကန်တော်လေး စာတိုက်ရှေ့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်သည်။

သင်ကြားမှုပြည့်စုံပြီပြင်ပြီး ဝင်ခွင့်အတွက်လုံးဝစိတ်ချရသော

ကွံကော်ရိပ်

တက္ကသိုလ်ဝင်ခွင့်ရသင်တန်းများ

နည်းပညာ၊ကွန်ပျူတာ တန်းခွဲသစ်များ

နေရာသေချာရန် ကြိုတင်အပ်နှံပါ။

4.8.08 ရက်နေ့စမည်

တနင်္လာ၊အင်္ဂါ၊ဗုဒ္ဓဟူး၊ကြာသပတေး

တာမွေ	9:30-11:30 am
ဆိပ်ကမ်းသာ	11:30-1:00 pm
လှည်းတန်း	12:30-2"30 pm

သင်တန်းကာလ - စာမေးပွဲဖြေသည်အထိ
သင်တန်းကြေး - ၂၅၀၀၀ကျပ်(နှစ်တကာအကျိုး)

အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ဆိပ်ကမ်းသာလမ်းနှင့် ၃၈လမ်းကြား၊ တိုက်(၁)၊ ဒုတိယထပ်၊ ဦးထွန်းလင်းချိုလမ်းထိပ်၊ လှည်းတန်းလမ်းဆုံ၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၃၀၇)၊ ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေယာယီဈေးအနီး၊ ဗလီထိပ်မှတ်တိုင် ဖုန်း - ၃၉၁၂၆၆ ၊ ၅၁၂၆၇၃ ၊ ဝ၉၅ ၁၄၀၈၆၁၊

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေမျိုးထွန်း၏ ယာဉ်မောင်းလိုင်စင်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ၂/ လကန (နိုင်) ၀၀၁၃၂၅ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၇၃၄၂၃
ဖုန်း-၀၁-၅၈၀၂၁၆

အများသိစေရန်သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာ ဥယျာဉ်အိမ်ရာ၊ အမှတ်(၅၃/အေ)နေ ဦးသန်းဦး ၁၂/ပဗတ(နိုင်) ၀၃၀၃၆၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အဆောက်အအုံအမှတ် (MKI) တိုက်အမှတ်(၁၈)၊ အခန်းအမှတ် (၀၀၂) တိုက်ခန်းကိုမူလပိုင်ရှင် ဒေါ်ခင်သန်းနွဲ့ (NTG-004407)ထံမှ ဦးမောင်မောင်မြင့် (C/RGN-009689)က လည်းကောင်း၊ ဦးမောင်မောင်မြင့်ထံမှ ဒေါ်တင်ဝင်း (L/RGN-035510)က လည်းကောင်း၊ ဒေါ်တင်ဝင်းထံမှ ဒေါ်နီနီခိုင် (CJ-005408)က လည်းကောင်း ဝယ်ယူခဲ့ပြီး ဒေါ်နီနီခိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဦးက တန်ဖိုးငွေ အပြေအကြေပေးချေပြီး တရားဝင်ဝယ်ယူ လက်ဝယ်ပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးမြင့်အောင်၊ ဦးဝင်းဇော်
အထက်ရှေ့နေများ
အမှတ်-၆၀၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁B၂)၊ မြေကွက်အမှတ် Northern Quarter of II 16၊ မြေကွက်တည်နေရာအမှတ်(၁၃၈)၊ ဗိုလ်ရွဲလမ်း၊ (Ah Kem) အမည်ပေါက် မြေပိုင်မြေအား Ho Kim Kong (a) K. K. HO နှင့် Ho Kim Tsee (a) K. T . Ho တို့ထံမှ အရောင်းမှတ်ပုံတင် စာချုပ်အမှတ် ၈၅၀/၁၆၉၀ / ၅-၉-၁၉၆၀ ဖြင့် JOHNSON CHEN (a)CHEN WAN CHONE (a) CHEN KIN YONE [၁၂/လသန(နိုင်)၀၁၈၄၀၀]မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ၎င်းမှ အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အလုပ်သမားများအမြန်အလိုရှိသည်

“မြန်မာ့မာန်ကုမ္ပဏီလီမိတက်” နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ **ROYAL FOUR SEA SERVICE OVERSEAS EMPLOYMENT AGENCY** မှ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သားများ အမြန်အလိုရှိပါသည်။

၁။ လုပ်ငန်းမျိုးအစား - အထည်ချုပ်စက်ရုံ
(TAI WAH Garments Industry SDN BHD)

လိုအပ်သောဦးရေ	- ၄၀ဦး (အမျိုးသား)
အသက်အပိုင်းအခြား	- အသက်(၂၀-၃၅)နှစ်
ပညာအရည်အချင်း	- အခြေခံပညာအလယ်တန်း
အခြေခံလစာ	- တစ်နေ့ (၁၈.၅၀) ရင်းဂစ်

အချိန်ပိုနှင့် ကျွမ်းကျင်မှုအပေါ်မူတည်၍ လစာ(၁၀၀၀)ရင်းဂစ်ခန့်ရရှိမည်။ ဝန်ဆောင်စရိတ် (၅၅၀၀၀၀ိ/) ကျပ်ဖြင့် အဆင်ပြေအောင် ဆောင်ရွက်ပေးပါမည်။

မှတ်ချက်။ ။(၁၀-၈-၂၀၀၈ မှ ၁၂-၈-၂၀၀၈)ရက်နေ့အထိ အင်တာဗျူးရှိသည်။ အထည်မချုပ်တတ်သူများကို သင်တန်းပေးရန် စီစဉ်ထားသည်။ သင်တန်းကြေးပေးရန်မလိုပါ။

“အသေးစိတ်သိလိုပါက”

Royal Four Sea Service Co., Ltd.

အမှတ်(၃၄၈)၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့။ သီတာလမ်းမှတ်တိုင်အနီး
ဖုန်း-၀၁-၅၄၂၄၄၉၊ ၀၁-၅၅၇၉၁၆၊ ၀၁-၅၅၂၁၁၆၊
H/P- 095145758, 095179219

ဆံပင်ညှပ်သင်တန်းဖွင့်လှစ်မည်

Fancy House Hair & Beauty Salon တွင် Basic Hair Styling Course ဆံပင်ညှပ်သင်တန်းကို (၁၂ - ၈ - ၂၀၀၈) တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် တက်ရောက် သင်ကြားလိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ (စံပြရုပ်ရှင်ရုံအနီး) ဖုန်း – ၆၆ ၂၆၃၆ ၊ ၇၀၄၅၃၃၊ ၂၂၄၃၄၃

အများသိစေရန်

ဦးအောင်မျိုးမင်းအမည်ပေါက်ပိုင်ဆိုင်သော ၁က/၈၁၁၇ စူပါရဗင် (ဖြူ)ကို ဒေါ်အေးအေးမွန်[၁၂/ဥကမ(နိုင်)၁၆၁၂၇၁]အား ၂၂-၆-၂၀၀၈ ရက်တွင် လချုပ်ဖြင့်ငှားရမ်းခဲ့ရာ ပြန်လည်အပ်နှံခြင်းမရှိပါသဖြင့် အဆိုပါကားအား ပေါင်နှံ၊ ရောင်းချ၊ လွှဲပြောင်းခြင်းမပြုရန်နှင့် လက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ သတင်းပေးသူအားကျေးဇူးဆပ်ပါမည်။ **ဦးအောင်မျိုးမင်း**
ဖုန်း-၀၉၅၁၆၂၂၃၈၊ ၀၉၅၁၈၆၈၅၃

ရှောင်လေဝေးဝေး မူးယစ်ဆေး

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကံမမြို့နယ်အသင်း

ဝါဆိုသင်္ကန်း ကပ်လှူပွဲ

ရန်ကုန် ဩဂုတ် ၁

ကံမမြို့နယ်အသင်း (ရန်ကုန်)ကကြီးမှူး၍ ရန်ကုန်တိုင်းအတွင်း ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးနေကြသည့် ကံမမြို့နယ် ဇာတိဖွား ဆရာတော်ကြီး ၁၆ ပါးအား နဝမအကြိမ်မြောက် ဝါဆို သင်္ကန်း ကပ်လှူပူဇော်ခြင်း၊ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်မှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခဲ့သည့် စမ်းချောင်းမြို့နယ် ဇေယျဝတီကျောင်းတိုက် သုခဝါသီကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရအား အသင်းမှ ဂုဏ်ပူဇော်သြဘ ပူဇော်ခြင်း၊ သက်ကြီးပူဇော်ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်းနှင့် သင်းလုံးကျွတ် အစည်းအဝေးကို ဩဂုတ် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း မဟာပုညောပကာရ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် ဦးစိုးငြိမ်း ဖုန်း-၅၁၇၄၆၆၊ ဦးသိန်းတန် ဖုန်း-၅၀၄၉၁၀၊ ဦးအေးလွင် ဖုန်း-၅၂၆၆၁၈ တို့ထံ ဆက်သွယ်ကြပါရန် နှိုးဆော်ဖိတ်ကြားထားသည်။ (ကြေးမုံ)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ထုတ်ချေးပေးပြီး

ရန်ကုန် ဩဂုတ် ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ဘဏ်ခွဲ ၁၂ ခုတို့၌ တောင်သူလယ်သမား ၁၀၉၈၂၆ ဦးတို့အတွက် ၂၀၀၈ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကျပ် ၇၃၉၇ ဒသမ ၄၈၈ သန်းကို စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေအားလျှပ်စစ်ဓာတ်အားလိုင်းကြိုးများ တပ်ဆင်

ရွှေလီ ရေအားလျှပ်စစ်ဓာတ်အားစီမံကိန်းမှ မဟာဓာတ်အား လိုင်းကြိုးများကို သွယ်ယူတပ်ဆင်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း သီပေါနှင့် ကျောက်မဲ အကြားတွင် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာနှင့် ဝန်ထမ်းများက မဟာဓာတ်အားလိုင်းတိုင်အမှတ် MS 180 ၌ F 21 အမျိုးအစား ကြိုးကြီးများ တပ်ဆင်နေကြသည်ကို ဇူလိုင် ၁၉ ရက်က တွေ့ရစဉ်။
ဓာတ်ပုံ-မောင်မောင်
(ကျောက်မဲ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ တီဟီရန်မြို့၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှု ဝန်ကြီးအဆင့် အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ (နိုင်ငံခြားရေး)

မြန်မာနိုင်ငံအနေဖြင့် ဘက်မလိုက်လှုပ်ရှားမှု၏ အခြေခံမူကြီးများကို အစဉ်လေးစားလိုက်နာလျက်ရှိ

နေပြည်တော် ဩဂုတ် ၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ တီဟီရန်မြို့၌ ဇူလိုင် ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှု ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

အဆိုပါ (၁၅)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှု ဝန်ကြီးအဆင့် အစည်းအဝေးကို ဇူလိုင် ၂၉ ရက်တွင် တီဟီရန်မြို့ရှိ အိုအိုင်စီကွန်ဗင်းရှင်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻**